# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက် | ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၉ ရက်၊ စနေနေ့ | အတွဲ (၆၁)၊ အမှတ် (၀၀၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်းစိန်မြို့နယ်ရှိ အမှတ် (၃)သံမဏိစက်ရုံ(ရွာမ) စက်ရုံတွင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတွင်း သံမဏိကုန်ကြမ်းအရင်းအမြစ်များအသုံးပြုပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင်ထုတ်လုပ်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချရန်လိုအပ်

## ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက်အကျိုးများစွာ ဖြစ်ထွန်းစေမည်

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍


*စာမျက်နှာ ၃ ကော်လံ ၁* ✳



**ယနေ့ သတင်းအညွှန်း**

**အစွန်းရောက် အကြမ်းဖက်ဝါဒ မှချကျဆုံးစေရမည်** — ဆောင်းပါး စာ - ၈

**အိန္ဒိယ၌ အောက်တိုဘာ ၁၅ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများ လာရောက်ခွင့်ပြုတော့မည်** — နိုင်ငံတကာသတင်း စာ - ၁၂




# ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင် ပညာသင်နိုင်ဖို့

ကူးစက်မြန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်များ ကမ္ဘာအနှံ့ နိုင်ငံအသီးသီးတို့တွင် အရှိန်အဟုန်ဖြင့် ဆက်လက်ပြန့်ပွားလျက်ရှိစဉ် မိမိတို့နိုင်ငံ၌ သိသိသာသာလျော့နည်းကျဆင်းလာခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။ သို့ရာတွင် စိတ်ချရလောက်သည့် အခြေအနေသို့ မရောက်ရှိသေးဘဲ နေ့စဉ်ရောဂါပိုးကူးစက်မှု တွေ့ရှိရသည့်နှုန်းမှာ ၇ ရာခိုင်နှုန်းနှင့် ၈ ရာခိုင်နှုန်းတို့၏ ဝန်းကျင်တွင် တရစ်ဝဲဝဲဖြစ်နေသည်။ ရောဂါပိုးကူးစက်မှု ၅ ရာခိုင်နှုန်းအောက်သို့ ဆက်လက်ကျဆင်းလျော့နည်းသွားရန် လူတိုင်းအသိကိုယ်စီဖြင့် ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက ဦးတည်အုပ်စုများအလိုက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ မကြာမီတွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းနေအရွယ်ကလေးတိုင်းကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကျောင်းနေအရွယ်ကလေးများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ မကြာသေးမီရက်ပိုင်းက ဆင်ဟွာသတင်းဌာနမှ သတင်းတစ်ပုဒ်တွင်လည်း လာအိုနိုင်ငံတွင် အသက် ၁၂ နှစ်မှ ၁၇ နှစ်အတွင်း ကလေးများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စာရင်းပြုစုနေကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် ကျောင်းများကို ပိတ်ထားရစဉ် အွန်လိုင်းမှတစ်ဆင့် ပညာသင်ကြားမှုများ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ကျောင်းသားအရေအတွက် အများအပြားကို ကာကွယ်ဆေးထိုးနှံပေးပြီး လုံခြုံစိတ်ချရသည့် အခြေအနေတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာကြရသည့် ကဏ္ဍများတွင် ပညာရေးကဏ္ဍလည်း ပါဝင်သည်။ ကျောင်းများကို လပေါင်းများစွာ ပိတ်ထားရခြင်းကြောင့် ကျောင်းသူ ကျောင်းသား ကလေးငယ်များမှာ ပညာနှင့် ဝေးနေကြရသည်။ အသက် ၁၂နှစ်နှင့်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအရွယ် ကျောင်းသူ ကျောင်းသားများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းအားဖြင့် ပညာသင်ယူမှုအခွင့်အလမ်း ရရှိလာမည်ဖြစ်သည့်အပြင် ကာကွယ်ဆေးလွှမ်းခြုံမှုအားဖြင့်လည်း အလျင်အမြန် ရရှိလာမည်ဖြစ်သည်။ ထို့အပြင် မိသားစုနှင့် ပတ်ဝန်းကျင်သို့ ရောဂါကူးစက်ပြန့်ပွားမှုကိုလည်း တားဆီးနိုင်မည်ဖြစ်ရာ ကောင်းကျိုးများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်သည်။ မကြာမီ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ ကျောင်းများ ဥပမိရုပ်ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရေရရှိရေး၊ လက်ဆေးကန်များ တပ်ဆင်ရေး၊ စာသင်ခန်းများအတွင်း ကိုဗစ်-၁၉ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။

ကျောင်းသား ကျောင်းသူများ ကျောင်းပြန်လည်တက်နိုင်ရေးအတွက် အရေးကြီးဆုံးဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မကြာမီထိုးနှံပေးသည့်အခါ Sinovac ကာကွယ်ဆေးကို အသုံးပြုသွားမည်ဟု သိရသည်။ Sinovac သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုခွင့်ပေးသည့်စာရင်း (Emergency use list) တွင် ပါဝင်သောဆေးဖြစ်ပြီး အသက်သုံးနှစ်အထက် ကလေးများ ဘေးကင်းလုံခြုံစွာ ထိုးနှံနိုင်ကြောင်း၊ ပထမအကြိမ် ဆေးထိုးပြီးနောက် လေးပတ်ခြားပြီး ဒုတိယအကြိမ် ထိုးနှံရမည်ဖြစ်ကြောင်း သိရသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးကို ရည်ရွယ်၍ ဌာနဆိုင်ရာများနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ရာ မိမိတို့၏ ရင်သွေးများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေး မိဘများက ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# နယ်စပ်ရေးရာဝန်ကြီးဌာန စက်မှုလက်မှုပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်း ထားဝယ်၊ လပွတ္တာ၊ ပုဏ္ဏားကျွန်း၊ ကျောက်ဖြူတို့တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပထမအကြိမ် သင်တန်းတွင် ဆောက်လုပ်ရေးသင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတို့၏ သင်တန်းဆင်းပွဲကို အောက်တိုဘာ ၈ ရက်က အဆိုပါသင်တန်းကျောင်းများ၌ ကျင်းပရာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ထားဝယ်)တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လည်းကောင်း**(အောက်ယာပုံ)**၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း(လပွတ္တာ)တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးညွန့်က လည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း(ပုဏ္ဏားကျွန်း)တွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က လည်းကောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း (ကျောက်ဖြူ)တွင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးချမ်းသာက လည်းကောင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

သင်တန်း ဆင်းပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထားဝယ် စက်မှုလက်မှုသင်တန်းကျောင်းမှ ထူးချွန်ဆုရသင်တန်းသားများကို လည်းကောင်း၊ လပွတ္တာခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လပွတ္တာ စက်မှုလက်မှုသင်တန်းကျောင်းမှ ထူးချွန်ဆုရ သင်တန်းသားများကိုလည်းကောင်း၊ စစ်တွေခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပုဏ္ဏားကျွန်း စက်မှုလက်မှု သင်တန်းကျောင်းမှ ထူးချွန်ဆုရ သင်တန်းသားများကိုလည်းကောင်း၊ ကျောက်ဖြူ ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကျောက်ဖြူ စက်မှုလက်မှု သင်တန်းကျောင်းမှ ထူးချွန်ဆုရ သင်တန်းသားများကို လည်းကောင်း ထူးချွန်ဆုများနှင့် သင်တန်းသားများအတွက် သင်တန်းဆင်း အောင်လက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။

အဆိုပါ သင်တန်းကျောင်း လေးကျောင်းတွင် ဆောက်လုပ်ရေးသင်တန်းသား ၂၀ ၊ လျှပ်စစ်သင်တန်းသား ၅၀ ၊ ဂဟေသင်တန်းသား ၄၀ ၊ မော်တော်ယာဉ် စက်ပြင်သင်တန်းသား ၅၀ နှင့် လက်ကိုင်ဖုန်းပြင်သင်တန်းသား ၂၀ စုစုပေါင်း ၁၈၀ ဖြင့် သင်တန်းကာလ ခြောက်လကြာ လက်တွေ့ခန်းသုံး ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးပြီး နေထိုင်၊ စားသောက်ရေးအခမဲ့ဖြင့် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သင်ကြားခဲ့သည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း ကိုးကျောင်းတို့မှ ယနေ့အထိ စက်ပြင်သင်တန်းတွင် ၂၀၈၉ ဦး၊ ဆောက်လုပ်ရေး သင်တန်းတွင် ၇၉၂ ဦး၊ လျှပ်စစ်သင်တန်းတွင် ၁၀၄၆ ဦး၊ ဂဟေသင်တန်းတွင် ၉၈၈ ဦး၊ မော်တော်ယာဉ် စက်ပြင်သင်တန်းတွင် ၅၉၅ ဦးနှင့် လက်ကိုင်ဖုန်းပြင်သင်တန်းတွင် ၁၇၄ ဦး စုစုပေါင်း ၅၆၈၄ ဦး သင်တန်းဆင်းပေးနိုင်ခဲ့ပြီး အလုပ်အကိုင်ရရှိသူ ၃၆၁၁ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၆၃ ဒသမ ၅၃ ရာခိုင်နှုန်း အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၈-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection–Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 2 | Injection –Meropenam | 1g/Vial | 10000 | AA Medical |
| Anti–inflammatory | | | | |
| 3 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 4 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 5 | Injection–Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 6 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 7 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 8 | Injection Enoxaprim 40 mg | 1 Pre–Filled Syringe | 7000 | Nyi Lay Naing |
| 9 | Injection Enoxaprim 60 mg | 1 Pre–Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 10 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အမှတ် (၃)သံမဏိစက်ရုံ (ရွှာမ)အစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြစဉ်။

- ◆ **ထုတ်ကုန်များသည် သင့်တင့်သောဈေးနှုန်းဖြစ်ရန်နှင့် အရည်အသွေးပြည့်မီရန်လိုပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်၍ ပြည်ပသွင်းကုန်လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်**
- ◆ **သံမဏိကိုသာမက ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် ဘိလပ်မြေထုတ်လုပ်မှုများကိုလည်း ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်ရန်လိုပြီး ထုတ်လုပ်သည့်ပစ္စည်းများအားလုံး အရည်အသွေးပြည့်မီရန်လိုအပ်**
- ◆ **ခေတ်မီသည့် နိုင်ငံအဖြစ်တည်ဆောက်ရာတွင် စက်မှုလုပ်ငန်းသည် အရေးကြီး**

✳ ***ရွှေဖုံးမှ***

ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အမှတ် (၃)သံမဏိစက်ရုံ (ရွှာမ)နှင့် ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အမှတ်(၃) သံမဏိစက်ရုံ (ရွှာမ) အစည်းအဝေးခန်းမတွင် စက်ရုံမှူးကြီး ဦးမျိုးတင့်အောင်နှင့် စက်ရုံအကြံပေးပုဂ္ဂိုလ် ဦးရင်မောင်ညွန့်တို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရည်အသွေးမြင့် သံမဏိများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့်ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကုန်ကြမ်းများရရှိမှုအခြေအနေ၊ Oxygen ထုတ်လုပ်နေမှုအခြေအနေနှင့် စက်ရုံ Revamping ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

**အရည်အသွေးပြည့်မီရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ဆောက်ရာတွင် သံနှင့် သံမဏိထုတ်ကုန်များသည် မရှိမဖြစ် လိုအပ်ပြီး မိမိတို့နိုင်ငံ၌ ကုန်ကြမ်းပစ္စည်းများ ရှိနေသော်လည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ နိုင်ငံတွင်း သံမဏိကုန်ကြမ်းအရင်းအမြစ်များအသုံးပြုပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်၍ ပြည်ပမှ တင်သွင်းမှုကို လျှော့ချရန်လိုအပ်ကြောင်း၊ ထုတ်ကုန်များသည် သင့်တင့်သော ဈေးနှုန်းဖြစ်ရန်နှင့် အရည်အသွေးပြည့်မီရန်လိုပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်၍ ပြည်ပသွင်းကုန်လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ သံနှင့် သံမဏိထုတ်လုပ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် MEC ကဲ့သို့သော Semi Government များသာမက ပုဂ္ဂလိကကုမ္ပဏီများမှ ဆောင်ရွက်မှုတို့ကိုလည်း အားပေးပါကြောင်း။

သံမဏိကိုသာမက ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် ဘိလပ်မြေ ထုတ်လုပ်မှုများကိုလည်း ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ရန်လိုပြီး ထုတ်လုပ်သည့် ပစ္စည်းများအားလုံး အရည်အသွေးပြည့်မီရန် လိုအပ်ကြောင်း၊ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မဖြစ်မနေ အသုံးပြုရသော ဘိုးနှင့်နပ်များကိုလည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ပါက ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ခေတ်မီသည့် နိုင်ငံအဖြစ်တည်ဆောက်ရာတွင် စက်မှုလုပ်ငန်းသည် အရေးကြီးကြောင်း၊ အဆိုပါ စက်မှုလုပ်ငန်းတွင် သံနှင့်သံမဏိသည် အရေးကြီးသကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေသည်အရေးကြီးကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် သံမဏိထုတ်လုပ်ရေးနှင့် ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းများအား အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

**လမ်းညွှန်မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း Revamping လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်၊ စက်ရုံခွဲမှူး ဒေါက်တာ အောင်သန္တာဦးတို့က ပြည်တွင်း ဆေးဝါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိလုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ အားကောင်းလာစေရန်အတွက် တွန်းအားပေး ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေး ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် စက်ရုံဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုများနှင့် ပတ်သက်၍ ယခင်က ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခဲ့ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ဖြစ်သော်လည်း ပြည်တွင်းဆေးလိုအပ်ချက်ကို ဦးစားပေး ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လုပ်သည့် ဆေးပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဆေးဝါးများ၏ အရည်အသွေးကောင်းမွန်ရန်နှင့် သင့်တင့်သည့်ဈေးနှုန်းဖြစ်ရန်မှာ အရေးကြီးကြောင်း၊ ပြည်တွင်း ဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ဖြေလျှော့ပေးမှုများရှိသော်လည်း အခွန်ဆိုင်ရာများနှင့် ပတ်သက်၍ ထိုက်သင့်သည့်ဆောင်ရွက်ချက်များ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေးချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေး ကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူနှင့် သုံးစွဲသူ

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၌ ဆေးဝါးထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မှော်ဘီတပ်နယ်ရှိ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)၌ ပြုလုပ်သည့် ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသားဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(တည်ငံကုန်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဥစားကြက်၊ အသားစားကြက်၊ ငါး၊ အသားတိုးဝက်၊ နို့စားနွား၊ အသားတိုးနွားနှင့် ဆိတ်များမွေးမြူထားရှိမှု အခြေအနေ၊ ရာသီ သီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှုအခြေအနေ၊ နွားမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် နွားချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုလျက်ရှိသည့် အခြေအနေနှင့် ဈေးကွက်အလိုက် ရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေ့စဉ်လူနေမှုဘဝတွင် စားရေးသည် အဓိကကျသောကြောင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သည့်အပြင် ဒေသတွင်း ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက်လည်း ပိုလျှံသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(တည်ငံကုန်း)၌ ငါးများမွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❒ နေ့စဉ်လူနေမှုဘဝတွင် စားရေးသည် အဓိကကျသောကြောင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်**

**❒ ထိုသို့လုပ်ဆောင်ရာတွင် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလည်းရှိသည့်အတွက် ဈေးကွက် လိုအပ်ချက်ကိုသိရှိရန်လိုပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အထွက်နှုန်းကို ထုတ်လုပ်နိုင်ရန်လို**

**❒ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ မွေးမြူရေးစနစ်များဖြင့် ကျနေပ်နေ၍မရဘဲ မွေးမြူရေးကျွမ်းကျင်သူ ပညာရှင်များနှင့်ဆွေးနွေးတိုင်ပင်၍ ခေတ်မီနည်းစနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ရမည်**

*စာမျက်နှာ ၄ မှ*

ဥနှင့် နို့များကို ဒေသခံများ စားရေးအဆင်ပြေစေရန် စဉ်ဆက်မပြတ်ရောင်းချပေးရန်လိုကြောင်း၊ ရန်ကုန်မြို့၏ လူဦးရေသည် ၇ သန်းကျော်ခန့် ရှိပြီး အသား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးဇုန်များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ပုဂ္ဂလိကစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလည်း ရှိသည့်အတွက် ဈေးကွက်လိုအပ်ချက်ကို သိရှိရန်လိုပြီး ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အထွက်နှုန်းကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ မွေးမြူရေးစနစ်များဖြင့် ကျေနပ်နေ၍မရဘဲ မွေးမြူရေးကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်၍ ခေတ်မီနည်းစနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့် ဒေသတွင်း စားသုံးမှုလိုအပ်ချက်ကို Target ထား၍ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အရည်အသွေးကောင်းမွန်သည့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ကာ ဝင်ငွေပိုမိုရရှိစေပြီး လူနေမှုအဆင့်မြင့်မားအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန် ကုန်ထုတ်လုပ်မှုကို နည်းပညာဖြင့်မြှင့်တင်ပြီး ကျယ်ပြန့်သည့် ဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(တည်ငံကုန်း)၌ ဥစားကြက်မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

အွန်လိုင်း မီဒီယာများမှလည်း တိုးတက်နေသည့် စိုက်ပျိုးမွေးမြူရေး နည်းစနစ်များကို မျက်ခြည်မပြတ်လေ့လာ၍ သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ပြီး တပ်မတော်သားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းပေးနိုင်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှုအဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

**“ရေရှည်တွင် အထွက်နှုန်းကောင်းမွန်၍ အလေအလွင့်နည်းပါးပြီး ကုန်ကျစရိတ်သက်သာမှုရှိစေရန် စက်မှုလယ်ယာစနစ်သို့ အဆင့်လိုက် မဖြစ်မနေဆောင်ရွက်သွားရန်လို၊ နေ့စဉ်မဖြစ်မနေ သုံးစွဲနေရသည့် အိမ်သုံးအခြေခံ သစ်သီးဝလံများကို စိုက်ပျိုးရာတွင် ဒေသနှင့် အချိန်ကို ကိုက်ညီအောင်တွက်ချက်၍ ဆယ့်နှစ်ရာသီပတ်လုံးထွက်ရှိအောင် ကြံဆဆောင်ရွက်”**

ရေရှည်တွင် အထွက်နှုန်းကောင်းမွန်၍ အလေအလွင့်နည်းပါးပြီး ကုန်ကျစရိတ်သက်သာမှုရှိစေရန် စက်မှုလယ်ယာစနစ်သို့ အဆင့်လိုက် မဖြစ်မနေဆောင်ရွက်သွားရန်လိုကြောင်း၊ နေ့စဉ် မဖြစ်မနေသုံးစွဲနေရသည့် အိမ်သုံးအခြေခံ သစ်သီးဝလံများကို စိုက်ပျိုးရာတွင် ဒေသနှင့် အချိန်ကို ကိုက်ညီအောင်တွက်ချက်၍ ဆယ့်နှစ်ရာသီပတ်လုံး ထွက်ရှိအောင် ကြံဆဆောင်ရွက်ရန်လိုကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်၍ မိမိတို့၏ဒေသနှင့် နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြုဆောင်ရွက်နေခြင်းသည် State Building ကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ငါးများမွေးမြူထားရှိမှုနှင့် ဥစားကြက်များမွေးမြူထားမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

နှစ်ဖက်စလုံးအတွက် ကြည့်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ဖြည့်ဆည်းနိုင်ရေး အဓိကထား ဆောင်ရွက်ရန်လိုကြောင်း၊ ဆေးဝါး ကုန်ကြမ်းတင်သွင်းသူများအနေဖြင့် အခွန်ငွေများအား ထိုက်သင့်သည့် အခွန်နှုန်းထားဖြင့်သာ ကောက်ခံကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းဆေးဝါးထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုများကို အားပေးပါကြောင်း။

**သုတေသနပြုဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ရှိကာလအတွင်း အသုံးပြုနိုင်ရေး အမြန်ရရှိအောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရေရှည်အတွက် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့်ဆေးဘက်ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြင် လိုအပ်သည့်အချိန်တွင် အခြားကာကွယ်ဆေးများပြောင်းလဲ ထုတ်လုပ်နိုင်ရေး မျှော်တွေး၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ လတ်တလောတွင် ငွေကြေးကုန်ကျမှုရှိနိုင်သော်လည်း ကိုဗစ်-၁၉၏ မျိုးရိုးဗီဇပြောင်းလဲ ဖြစ်ပွားမှုကိုအဆိုးဆုံးအခြေအနေအထိ မျှော်တွေးကာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပကို မှီခိုရန်မလိုဘဲ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံအတွက် လိုအပ်သည့်စက်ရုံကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးဝါးစက်ရုံအတွင်း ဆေးဝါးထုတ်လုပ်မှုအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသကြသည်။

**“ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ရှိကာလအတွင်း အသုံးပြုနိုင်ရေး အမြန်ရရှိအောင်ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရေရှည်အတွက် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန် လိုအပ်၊ ပြည်ပနိုင်ငံများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုများပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြင် လိုအပ်သည့်အချိန်တွင် အခြားကာကွယ်ဆေးများ ပြောင်းလဲထုတ်လုပ်နိုင်ရေး မျှော်တွေး၍ စီမံဆောင်ရွက်”**

အဆိုပါ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံကို မွေးကင်းစကလေးငယ်များအားလုံး ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် FDA လိုင်စင်ရရှိခဲ့ကာ ၂၀၀၇ ခုနှစ်၊ မေလတွင် ထုတ်လုပ်မှုလုပ်ငန်းများစတင်နိုင်ခဲ့ကြောင်း၊ လက်ရှိတွင် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများကို စဉ်ဆက်မပြတ်ထုတ်လုပ်ပေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လိုအပ်သည့် ဆွေးနွေးဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မင္ဂွေဇ-ခေါင်လန်ဖူးလမ်းနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး


ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ခေါင်လန်ဖူးမြို့ ဖွံ့ဖြိုးရေးနှင့် မြို့ကွက်သစ်တိုးချဲ့ရေး ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ကချင်ပြည်နယ် လုံခြုံ ရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း နှင့်အတူ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ တာဝန် ယူ ဆောင်ရွက်လျက်ရှိသည့် မင္ဂွေဇ-ခေါင်လန်ဖူး လမ်းပေါ်ရှိ ကဆန်ခချောင်းကူး ပေ ၅၉၀ အရှည်ရှိ မင္ဂွေဇတံတားလုပ်ငန်း ခွင်သို့ ရောက်ရှိကာ တံတား တည်ဆောက်ရေးလုပ်ငန်း ပြီးစီး မှုကို ကြည့်ရှုလေ့လာ၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းပေး ခဲ့သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် မင္ဂွေဇ-ခေါင်လန်ဖူးလမ်း (၀/၀) မိုင်တိုင်မှ ဆန်းလွတ်ချက် တောင်ထိပ် (၃၂/ ၁) မိုင်အထိ ဖောက်လုပ် ပြီးစီးခဲ့သည့် လမ်း၏ အခြေအနေ၊ ကျောက်ခင်းလမ်း ဆောင်ရွက် ထားရှိမှု၊ တံတား၊ Box Culvert များ ထည့်သွင်းဆောင်ရွက်ထားရှိ မှု၊ ထပ်မံလိုအပ်မည့် မြေထိန်း နံရံများ၊ ကျောက်စီရေမြောင်းများ ဆောင်ရွက်ရမည့် အခြေအနေနှင့် မိုးရာသီကာလ မြေပြိုကျမှုများ ကို အချိန်နှင့်တစ်ပြေးညီ စက်/ ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်း ခြင်း၊ လမ်းဘေးဝဲယာ ချုံခုတ်ခြင်း၊ လမ်းပေါက်ဖာထေးခြင်း ပြုပြင် ထိန်းသိမ်းရန် လိုအပ်မည့် အခြေ အနေများကို ကြည့်ရှုစစ်ဆေး ၍ လိုအပ်သည်များ မှာကြား ခဲ့သည်။

### တွေ့ဆုံအားပေး

ဆက်လက်၍ ဆန်းလွတ်ချက် တောင်ထိပ်သို့ ရောက်ရှိပြီး တောင်ထိပ်လမ်း Level နှိမ့်ချခြင်း၊ တောင်ကြားလမ်း ချဲ့ထွင်ခြင်း၊ View Point နေရာအတွက် စီမံ ဆောင်ရွက်နေသည့် အခြေ အနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ခံအင်ဂျင်နီယာများ၊ ယာဉ်/ ယန္တရားမောင်း စစ်သည်များကို တွေ့ဆုံအားပေးစကား ပြောကြား သည်။

အောက်တိုဘာ ၅ ရက် နံနက် ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ဇီဝပ်ဒမ်ကြားစခန်း မှ ဆက်လက်ထွက်ခွာခဲ့ပြီး ဇီဝပ် ဒမ်ကြားစခန်းနှင့် ရီဒမ်းကြိုး တံတား (၄၃/၁) မိုင်အကြား လမ်းကြောင်းတစ်လျှောက် မော် တော်ယာဉ်/ခြေကျင်ဖြင့် အသေး စိတ် ကြည့်ရှုစစ်ဆေး၍ လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းရ မည့် ကိစ္စရပ်များကို မှာကြား သည်။

### လေ့လာကြည့်ရှု

ထို့နောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ဆောက် လုပ်ရေးဝန်ကြီးဌာန တံတားဦးစီး ဌာန တံတားအထူးအဖွဲ့ (၁)မှ တည်ဆောက်လျက်ရှိသော မလိခ မြစ်ကူး ရီဒမ်းတံတား ပေ ၆၈၀ သို့ရောက်ရှိ လေ့လာကြည့်ရှု သည်။ ယင်းနောက် ရီဒမ်းတံတား နှင့် ခေါင်လန်ဖူးမြို့ (၆၅/၄) မိုင် အကြား လမ်းပိုင်းတွင် ဆောင်ရွက် လျက်ရှိသည့် လမ်းတာချဲ့ခြင်း လုပ်ငန်းများ၊ တံတားများ၊ Box Culvert များကို ကြည့်ရှုစစ်ဆေး ပြီး လိုအပ်သည်များ မှာကြား၍ လမ်းဖောက်လုပ်ရေးအဖွဲ့များကို တွေ့ဆုံအားပေးစကား ပြောကြား သည်။

ညနေပိုင်းတွင် ခေါင်လန်ဖူး မြို့သို့ ရောက်ရှိပြီး မြို့မိ/မြို့ဖများ၊ တာဝန်ရှိသူများနှင့်အတူ မြို့ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက် နိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်း တွင် ခေါင်လန်ဖူးမြို့ခန်းမ၌ မြို့မိ မြို့ဖ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့်တွေ့ဆုံ၍ လက်ရှိဆောင်ရွက် နေသည့် မင္ဂွေဇ-ခေါင်လန်ဖူးလမ်း ဖောက်လုပ်နေခြင်း စီမံကိန်း အပါအဝင် ခေါင်လန်ဖူးမြို့နှင့် ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိစ္စရပ်များကိုလည်း ကောင်း၊ ဆက်လက်ဆောင်ရွက် မည့် လုပ်ငန်းများကို လည်း ကောင်း၊ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံများက ပူးပေါင်းဆောင် ရွက်ရန်လိုအပ်သည့် ကိစ္စရပ် များကို လည်းကောင်း ရှင်းလင်း ဆွေးနွေးပြောကြားခဲ့ပြီး ခေါင်လန် ဖူးမြို့နယ် အုပ်ချုပ်ရေးမှူး၏ ဒေသဆိုင်ရာ တင်ပြချက်များ အပေါ် လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ် ဖြည့်ဆည်းပေးခဲ့ပြီး ဒေသခံပြည်သူများ၊ ဌာနေပြည်သူ့ စစ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လမ်းဖောက်လုပ်ရေး အဖွဲ့များသို့ စားနပ်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

### လိုအပ်ချက်များကို မှာကြား

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ခေါင်လန်ဖူး မြို့ ရေရရှိရေးစီမံကိန်းအတွက် ရေစုကန် တည်ဆောက်မည့် နေရာ၊ ရေဖြန့်ဝေသည့် ပိုက်လိုင်း သွယ်တန်းမည့် အခြေအနေ၊ အားကစားကွင်း အဆင့်မြှင့်တင် ခြင်း၊ ကားရပ်နားကွင်းနှင့် ဈေး ဆိုင်ခန်းများ တည်ဆောက်ရေး၊ ကိစ္စရပ်များ၊ မြို့ကွက်သစ်တိုးချဲ့ နိုင်ရေးအတွက် မြေနေရာရရှိနိုင် မည့်အခြေအနေများကို အသေး စိတ် လှည့်လည်ကြည့်ရှုစစ်ဆေး ပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် ခေါင်လန်ဖူး မြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး လမ်းပိုင်းတစ်လျှောက် ခရီးသွား လုပ်ငန်း အထောက်အကူပြု View Point ရှုခင်းသာနေရာများ၊ သဘာဝလိုဏ်ဂူနေရာနှင့် ခရီး သွား ဧည့်သည်များအတွက် တစ်ထောက်နားရပ် နေရာများ၊ ဈေးဆိုင်ခန်းများ သတ်သတ် မှတ်မှတ် စနစ်တကျထားရှိနိုင်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၇ ရက် မွန်းလွဲပိုင်းတွင် နောင်မွန်မြို့ ခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူ များနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ မြို့နယ်အုပ်ချုပ် ရေးမှူး၏ ဒေသဆိုင်ရာ တင်ပြ ချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးလှမိုးသည် ရန်ကုန် တိုင်းဒေသကြီးအတွင်း ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင် ရေးအတွက် ဝန်ကြီးဌာနအောက်ရှိ သမဝါယမဦးစီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာန၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ သမဝါယမ တက္ကသိုလ်(သန်လျင်)၊ သမဝါယမ ကောလိပ်(ဖောင်ကြီး)၊ သမဝါယမ အသင်းစုချုပ်၊ မြန်မာ့လက်မှု အနုပညာစင်တာ၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်း ကျောင်း၊ စက်မှုလက်မှုအလုပ်ရုံ တို့မှ တာဝန်ရှိသူများနှင့် အောက် တိုဘာ ၈ ရက်က ရန်ကုန်တိုင်း




ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ တွေ့ဆုံ သည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စု ဝန်ကြီးက ကျေးလက်နေပြည်သူ များ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် စေရေးအတွက် သမဝါယမကဏ္ဍ မြှင့်တင်ရေးနှင့် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်း များနှင့် ချိတ်ဆက်ကာ ဘက်စုံ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်း များ အကောင်အထည်ဖော်မည့် သမဝါယမလုပ်ငန်းသည် ပြည်သူ များ တိုက်ရိုက်ပါဝင်သည့် သမ ဝါယမစနစ်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံ များတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံး၍ အောင်မြင်လျက် ရှိပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကျေး လက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီမံကိန်းလုပ်ငန်းများ၏ အောင် မြင်မှုအရှိန်ကို ဆက်လက် ထိန်းသိမ်းကြိုးပမ်း ဆောင်ရွက် သွားရန် လိုအပ်ကြောင်း၊ အသက် မွေးဝမ်းကျောင်း သင်တန်းများ ဆောင်ရွက်ရာတွင် အကျိုးရှိ ထိရောက်ရန်လိုအပ်ပြီး ဒေသ အခြေအနေနှင့် ကိုက်ညီသော သင်တန်းများကို အလေးထား ဖွင့်လှစ်ရန်နှင့် ဖွင့်လှစ်ပြီးပါက သမဝါယမဦးစီးဌာနနှင့် ပူးပေါင်း ၍ သမဝါယမအသင်း ဖွဲ့စည်း ဆောင်ရွက်ပြီး လိုအပ်သောအရင်း အနှီး၊ စက်ကိရိယာ၊ နည်းပညာ ဖြည့်ဆည်းပေးခြင်းဖြင့် အလုပ် အကိုင်အခွင့်အလမ်း ရရှိရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဖော် ဆောင်နိုင်ရေး ဆက်လက် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများ က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင် ရွက်ပြီးစီးမှုနှင့် လက်ရှိဆောင်ရွက် နေသောလုပ်ငန်းများကို ရှင်းလင်း တင်ပြရာ ပြည်ထောင်စုဝန်ကြီး က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် မြောက်ဥက္ကလာပ မြို့နယ်ရှိ အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနရုံးဝင်း အတွင်းရှိ MHC (မြန်မာ့လက်မှု စင်တာ)သို့ ကြည့်ရှုစစ်ဆေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

## ထုတ်ကုန်များ အရည်အသွေးပြည့်မီအောင် ထုတ်လုပ်

နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည် လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု ၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ရန်ကုန်မြို့ သန့်ရှင်းသပ်ရပ်ရေးနှင့် ပြည်သူများသွားလာမှုအဆင်ပြေချောမွေ့စေရေး လုပ်ငန်းများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၈

**ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီနှင့်တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့အတွင်း သန့်ရှင်းသပ်ရပ်ရေးနှင့် အများပြည်သူသွားလာမှုအဆင်ပြေချောမွေ့ရေး လုပ်ငန်းဆောင်ရွက်မှုများအား ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်)နှင့် အဖွဲ့သည် ကမာရွတ်မြို့နယ် ဗဟိုလမ်းရှိ နာနတ်တောစည်ပင်သာယာ ရဲတပ်ဖွဲ့ လိုင်းခန်း၌ ရွှေ့လျားဈေးကားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံရောင်းချပေးနေမှုကိုလည်းကောင်း၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန လိုင်စင်စီများမှ အသားမျိုးစုံနှင့် ဈေးများနှင့်ကုန်စည်ပွဲရုံများဌာနမှ ငါး/ပုစွန်အမျိုးမျိုး ရောင်းချပေးနေမှုများကို လည်းကောင်း၊ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပုလဲလမ်းမကြီးတစ်လျှောက် လမ်းဘေး ဝဲ/ယာ သန့်ရှင်းသပ်ရပ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး ရှင်းလင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ တာဝန်ယူဆောင်ရွက်နေသော လှိုင်မြို့နယ် ဘုရင့်နောင် လမ်းမကြီးပေါ်ရှိ ပိတောက်ချောင်းမှ ဘုရင့်နောင်လမ်းအတိုင်း ပါရမီလမ်းဆုံ၊ ယင်းမှ ဗဟိုလမ်းရထားလမ်းကူးထိ အရှည်ပေ ၆၅၀၀ လမ်းချဲ့ရန်နှင့် အကျယ် ရှစ်ပေ၊ ထု ခြောက်လက်မရှိ ကွန်ကရစ်လူသွား စင်္ကြံစက်ဘီးလမ်း၊ ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်ရန်အတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❂ *ကျော့ဖုံးမှ*

စီစဉ်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဦးစီးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်း၍ အောက်တိုဘာ ၇ ရက်က သွားရောက်ထိုးနှံပေးခြင်းဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှုတွင် ဇာဒက်ကြီးကျွန်းပေါ်ရှိ တလွန်းဆလုံကျေးရွာမှ ဆလုံတိုင်းရင်းသားများအပါအဝင် ကျေးရွာနေပြည်သူ ၃၃၀ အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac အား ပထမကြိမ် ထိုးနှံပေးခဲ့ကြခြင်းဖြစ်သည်။ အလားတူ ကော့သောင်းခရိုင် ပင်လယ်ပြင်အတွင်းရှိ အခြားကျွန်းများပေါ်မှ ကျေးရွာများရှိ ကျေးလက်နေပြည်သူများအားလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

❖ *ကျော့ဖုံးမှ*

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၄၆၉,၁၉၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၇၅,၈၈၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၂၃၉) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၂၉,၁၈၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၀၆၈) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၇၉)ခု | (၁၉၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၃)ခု | (၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၀)ခု | (၁)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၁)ခု | (၅)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၂)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ်(၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၄)ခု | (၄)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၉၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၆)ခု | (၈၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၄၅၄)ခု | (၁,၁၆၁)ဦး |
| စုစုပေါင်း | (၁၈,၇၆၂)ခု | (၁,၄၆၆)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို-
  (က) ရောဂါဖြစ်ပွားမှုနှင့် ရောဂါကြောင့်သေဆုံးမှုကို လျှော့ချရန်၊
  (ခ) ရောဂါကူးစက်ပြန့်ပွားမှုကို တားဆီးရန်၊
  (ဂ) ရောဂါဖြစ်ပွားမှုကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်မှုကို လျှော့ချနိုင်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနမှ ထိုးနှံပေးလျက်ရှိသော ကာကွယ်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသည့် အာနိသင်ထက်မြက်၍ ဘေးကင်းလုံခြုံစိတ်ချရပြီး အရည်အသွေး ကောင်းမွန်သည့်ဆေးများ ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မိဘပြည်သူများအနေဖြင့် ကာကွယ်ဆေးနှင့်ပတ်သက်သည့် သတင်းအမှားများနှင့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန်နှင့် မိမိအတွက် ရရှိသော ကာကွယ်ဆေးသည် မိမိကိုယ်တိုင်နှင့် မိသားစုအသိုင်းအဝန်းအတွက် အကောင်းဆုံးဖြစ်ပါ၍ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် စနစ်တကျတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# အစွန်းရောက်အကြမ်းဖက်ဝါဒ မှချကျဆုံးစေရမည်

မင်းခန့်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်၏ အရေးပေါ်အခြေအနေ ဖြစ်လာတဲ့အတွက် တပ်မတော်က နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ထားရပါတယ်။ ဒီလို အရေးပေါ်အခြေအနေ ပေါ်ပေါက်လာရတဲ့ အကြောင်းက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ ဖြစ်ပေါ်ခဲ့တဲ့ မတရားမှုတွေ၊ မဲမသမာမှုတွေကြောင့် ဖြစ်ပါတယ်။ ဒီလိုမတရားမှုတွေ၊ မသမာမှုတွေ ရှိခဲ့ပေမယ့်လည်း ယခင် NLD အစိုးရနဲ့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေနဲ့အညီ ငြိမ်းချမ်းစွာအဖြေရှာနိုင်တဲ့ အခွင့်အရေးတွေ ရှိခဲ့ပါတယ်။ တပ်မတော်က ထုတ်ပြန်ချက်တွေ အကြိမ်ကြိမ်အခါခါထုတ်ပြီး တောင်းဆိုနေခဲ့တာ ဖြစ်ပါတယ်။ ဖြေရှင်းနိုင်ဖို့ အခွင့်အရေးတွေ၊ အရင်းအမြစ်တွေနဲ့ နည်းလမ်းတွေအားလုံးသည်လည်း NLD အစိုးရနဲ့ တစ်ပါတီကြီးစိုးထားတဲ့ လွှတ်တော်မှာ ရှိနေတာဖြစ်ပါတယ်။ သို့သော်လည်း NLD အစိုးရက လွတ်လပ်စွာရှိနေရမယ့် ရွေးကောက်ပွဲကော်မရှင်ကိုလည်း အလုံးစုံချုပ်ကိုင်ထားတဲ့အတွက် ဒီဖြေရှင်းနည်းတွေ၊ အချိန်တွေအားလုံး လက်လွှတ်ဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်၏အရေးပေါ်အခြေအနေကို ဆိုက်ခဲ့ရတယ်ဆိုပါတော့။

ယနေ့ဖြစ်ပေါ်နေရတဲ့ နိုင်ငံရေးအခြေအနေရဲ့ မူလဘူတကိုပြန်ပြောနေရပေမယ့်လည်း ဒီဆောင်းပါးမှာ အဓိကပြောချင်တာက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အစွန်းရောက်အကြမ်းဖက်မှုတွေကိစ္စဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံရေးစနစ်ရဲ့ အနှစ်သာရက မိမိနဲ့မတူကွဲပြားမှုကို တည်တည်ငြိမ်ငြိမ်လက်ခံနိုင်ခြင်းပဲဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကိုလိုချင်ရင် ဒီလိုစိတ်ဓာတ်မျိုး၊ ခံယူချက်မျိုးရှိအောင် အရင်ပြုစုပျိုးထောင်ရပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခြင်းဆိုတာက ဒီမိုကရေစီနည်းလမ်းရဲ့ ဘောင်ထဲမှာရှိနေပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုတွေဟာ ဘာကြောင့် အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုတွေကို ပြောင်းလဲခဲ့ရပါသလဲ။

## အကြမ်းဖက်သင်တန်း

အဓိကအချက်ကြီး ၂ ချက်ရှိပါတယ်။ ပထမအချက်က နိုင်ငံတကာရဲ့ ဝင်ရောက်စွက်ဖက်မှုဖြစ်ပါတယ်။ **NUG/PDF အကြမ်းဖက်အဖွဲ့တွေ ပေါ်ပေါက်လာဖို့ နိုင်ငံတချို့က ကူညီခဲ့ကြပါတယ်။ မကြာသေးခင်ကပဲ ဖေဖော်ဝါရီလအတွင်းကနေစပြီး အမေရိကန်နိုင်ငံသားတစ်ဦးက အကြမ်းဖက်သင်တန်းတွေပေးခဲ့တဲ့အကြောင်း စင်ကာပူအခြေစိုက် လွတ်လပ်တဲ့ အင်တာနက်မီဒီယာတစ်ခုဖြစ်တဲ့ New Naratif က စက်တင်ဘာလ ၉ ရက်နေ့က ဖော်ထုတ်ရေးသားထားပါတယ်။ လက်လုပ်ဗုံး၊ လက်လုပ်သေနတ်ပြုလုပ်နည်းတွေနဲ့ လူထုအကြားဖောက်ခွဲမှုတွေလုပ်ဖို့ နည်းလမ်းတွေကို Zoom Application ကနေတစ်ဆင့် သင်ကြားပေးခဲ့ပါတယ်။ အမှန်တော့ သတင်းအရင်းအမြစ်တွေအရ အကြမ်းဖက်လက်နက်ပစ္စည်းတွေ ပြုလုပ်နည်းတွေတင်မကပါဘူး၊ အစွန်းရောက်အတွေးအခေါ်တွေကိုပါ မသိမသာ ထည့်သွင်းသင်ကြားပေးခဲ့တာ ဖြစ်ပါတယ်။ ဒီသင်တန်းကို NUG က ဆာဆာက တက်ရောက်အားပေးခဲ့ပါတယ်။ ဒါကြောင့် New Naratif ရဲ့ ဖော်ထုတ်ရေးသားထားချက်က NUG အဖွဲ့အနေနဲ့ မြန်မာနိုင်ငံအတွင်းက အကြမ်းဖက်မှုလုပ်ငန်းတွေမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတယ်ဆိုတာ နိုင်ငံတကာအဖွဲ့အစည်းများအတွက် ငြင်းမရနိုင်တဲ့ သက်သေဖြစ်ပါတယ်။**

သင်တန်းတက်ခဲ့တဲ့ လူငယ်တွေကိုယ်တိုင်က CIA က သင်တန်းပေးနေတယ်လို့ ထင်မှတ်နေခဲ့တာပါ။ ဒါကြောင့်လည်း ဆန္ဒပြနေတဲ့လူငယ်တွေအကြားမှာ မြန်မာနိုင်ငံကို အမေရိကန်တပ်တွေ ဝင်လာတော့မယ်ဆိုတဲ့ အခြေအမြစ်မရှိတဲ့ ယုံကြည်ချက်တွေ ကျယ်ကျယ်ပြန့်ပြန့်ဝင်ခဲ့ရတာ ဖြစ်ပါတယ်။ အစိုးရဘက်ကပြောတဲ့ သတင်းအချက်အလက်တွေကို အမျိုးမျိုးပုံဖျက်နေကြပေမယ့် ဒီလို နိုင်ငံတကာဂျာနယ်လစ်တွေနဲ့ လူ့အခွင့်အရေးအဖွဲ့တွေက အစွန်းရောက်အကြမ်းဖက်ဝါဒကို ဝိုင်းဝန်းဖော်ထုတ်လာကြတာကိုတော့ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာတွေ နှုတ်ဆိတ်နေကြပါတယ်။



အမေရိကန်နိုင်ငံသားတစ်ဦးက လက်လုပ်ဗုံး၊ လက်လုပ်သေနတ်ပြုလုပ်နည်းများနှင့် လူထုအကြားဖောက်ခွဲမှုလုပ်ရန် နည်းလမ်းများကို Zoom Application မှတစ်ဆင့် သင်ကြားပေးစဉ်။

**◆ အကြမ်းဖက်မှုတွေ ပေါ်ပေါက်စေဖို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေတဲ့အဖွဲ့တွေနဲ့ ကူညီပံ့ပိုးပေးနေကြတဲ့ အဖွဲ့တွေကတော့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နဲ့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ ဖြစ်ပါတယ်**

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့

ဒီလိုအကြမ်းဖက်မှုလမ်းကြောင်းပေါ် ရောက်ရှိသွားစေတဲ့ နောက်တစ်ချက်က မြန်မာနိုင်ငံနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းအပေါ်မှာ သဘောထားမှန်ကန်မှုမရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ကြောင့် ဖြစ်ပါတယ်။ ယခုအချိန်ထိ ကြားသိနေရတဲ့ သတင်းတွေအရ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုတွေ ပေါ်ပေါက်စေဖို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေတဲ့အဖွဲ့တွေနဲ့ ကူညီပံ့ပိုးပေးနေကြတဲ့ အဖွဲ့တွေကတော့ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်(KNLA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP)နဲ့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ ဖြစ်ပါတယ်။ တချို့အဖွဲ့တွေက အဖွဲ့အစည်းအလိုက် ပါဝင်ကြတာမဟုတ်ပေမယ့် ကိုယ့်လက်အောက်ခံတပ်ဖွဲ့တွေကို မအုပ်ချုပ်နိုင်တာတွေ့ရပါတယ်။

ထင်ရှားတဲ့ ဥပမာတွေကို ဖော်ထုတ်ပြရရင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှာ အကြမ်းဖက်သမားတွေနဲ့ လုံခြုံရေးအဖွဲ့တွေ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့တဲ့ဖြစ်စဉ်ကို မှတ်မိကြလိမ့်ဦးမယ်ထင်ပါတယ်။ ဒီဖြစ်စဉ်မှာ အသေဖမ်းဆီးရမိခဲ့တဲ့ အကြမ်းဖက်သမား ရှစ်ဦးထဲက နှစ်ဦးက KIA အဖွဲ့က ဗိုလ်အဆင့်ရှိတဲ့ တူးဖိုးနဲ့ ကိုရိုင်းဆိုသူဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့ဆက်စပ်ပြီး မန္တလေး-ဗန်းမော်ကားလမ်း ဝါးရုံကုန်းကျေးရွာအနီးမှာ ဖမ်းဆီးရမိခဲ့တဲ့ လက်နက်မျိုးစုံ ၁၁၄ လက်နဲ့ ခဲယမ်းအရေအတွက် အမြောက်အမြားကလည်း KIA အဖွဲ့က ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်။ မိုးညှင်းမြို့နယ်က NLD ပါတီဝင် သက်ထားနှောင်းကို ဖမ်းဆီးရမိတဲ့ဖြစ်စဉ်မှာလည်း သူ့အနေနဲ့ KIA သောင်းကျန်းသူအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပြီး KIA တပ်မဟာ(၈) ဒုတပ်မဟာမှူး အောင်ဂျာရဲ့ ခိုင်းစေချက်နဲ့ အကြမ်းဖက်မှုဆောင်ရွက်ဖို့ သယ်ယူပို့ဆောင်ရေးတာဝန်တွေကို ယူထားတယ်လို့ ဆိုပါတယ်။

ရန်ကုန်တိုင်းဒေသကြီးမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်ဗုံးဖောက်ခွဲမှုတွေ ဆောင်ရွက်ခဲ့သူအများစုနဲ့ ဦးဆောင်သူတွေက KNU တပ်မဟာတချို့မှာ အကြမ်းဖက်သင်တန်း တက်ရောက်လာသူတွေဖြစ်ပါတယ်။ TNLA အနေနဲ့လည်း နောင်ချိုမြို့နယ် နောင်စိုးလေးကျေးရွာအနီးမှာ အကြမ်းဖက်သင်တန်းပေးခြင်းနဲ့ လက်နက်ထောက်ပံ့တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒဂုံမြို့နယ်မှာ ဖမ်းမိတဲ့ အကြမ်းဖက်ဗုံးခွဲသူတွေထဲမှာ KNPP က သင်တန်းပေးထားတဲ့ အဖွဲ့တွေလည်း ပါဝင်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာမီးပွိုင့် ခုံးကျော်တံတားအောက်မှာ အကြမ်းဖက်ဗုံးဖောက်ခွဲခဲ့တဲ့ တရားခံတွေထဲမှာ ပင်လုံမြို့ အနောက်မြောက်ဘက်တောထဲမှာ RCSS တပ်မဟာ (၇၀၇) ရဲ့ အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းတက်ရောက်ခဲ့သူတွေ ပါပါတယ်။

အကြမ်းဖက်မှုတွေ ဆောင်ရွက်တဲ့နေရာမှာ CNF လည်း ပါဝင်ပါတယ်။ NUG က ဆာဆာက NLD ပါတီဝင် ချင်းလူမျိုးတွေနဲ့ CDM ဝန်ထမ်းတွေကို CNF အခြေစိုက် တလန်လိုရွာမှာ အကြမ်းဖက်သင်တန်းတွေပေးပြီး CNF ကို PDF အမည်ခံပြီး ပြန်လည်ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။ ဒီအဖွဲ့အနေနဲ့ တီးတိန်မြို့က တပ်မတော်တပ်ရင်းတွေ၊ ဟားခါးမြို့က အစိုးရအဖွဲ့ရုံးနဲ့ မြန်မာ့စီးပွားရေးဘဏ်၊ ထန်တလန်မြို့နယ်မှာရှိတဲ့ လုံလဲစခန်းနဲ့ တီးဘွယ်ရဲကင်းစခန်းတွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့ကြပါတယ်။ ချင်းပြည်နယ်အတွင်းမှာလည်း လူသတ်မှုနဲ့ ခြိမ်းခြောက်မှုတွေကို ကျူးလွန်နေတဲ့ အဖွဲ့ဖြစ်ပါတယ်။

## စစ်ရေးအမြတ်ရယူ

ဒီအဖွဲ့တွေက တပ်မတော်အပေါ် နိုင်ငံရေးနဲ့ စစ်ရေးအရအမြတ်ထုတ်ဖို့ အမြဲတမ်းစောင့်ကြည့်ကြိုးစားနေကြတာဖြစ်ပါတယ်။ အခုလည်း မြန်မာနိုင်ငံအတွင်း နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုတွေကို အမြတ်ထုတ်ပြီး ပြည်တွင်းက မြန်မာလူငယ်တွေကို အကြမ်းဖက်သင်တန်းတွေ ပေးနေကြပါတယ်။ သင်တန်းဆင်းလာတဲ့အဖွဲ့တွေကို မြန်မာပြည်တွင်းကိုဝင်ပြီး အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုတွေ ပြုလုပ်စေပါတယ်။ သူတို့ကတော့ သက်ဆိုင်ရာဒေသတွေက တပ်မတော်စခန်းနဲ့ ရဲစခန်းအချို့ကို တိုက်ခိုက်ကြပါတယ်။ ဒီလိုနည်းနဲ့ စစ်ရေးအမြတ်ရယူကြပါတယ်။ ၎င်းတို့ကိုယ်တိုင် မူးယစ်ဆေးဝါးနဲ့ စီးပွားရှာနေကြပြီး ပြည်ပအဖွဲ့အစည်းတချို့ကနေလည်း ထောက်ပံ့ကြေးတွေ ရယူထားပါသေးတယ်။ ဒီလိုအဖွဲ့တွေအတွက်ကတော့ ကြောင်ကြာကြာရေမငုပ်နိုင်ဘူးလို့ပဲ ဆိုချင်ပါတယ်။ မြန်မာပြည်သူလူထုက အခြေအနေမှန်ကို သဘောပေါက်လာကြပါပြီ။

ဒီလို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဆီကနေ အကြမ်းဖက်သင်တန်းဆင်းလာတဲ့ အဖွဲ့တွေက အစွန်းရောက်နေသူတွေပီပီ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့သက်ဆိုင်တဲ့ နေရာတွေကို ဦးတည်တိုက်ခိုက်ကြပါတော့တယ်။ NUG/PDF ရဲ့ အကြမ်းဖက်မှုဆောင်ရွက်ခဲ့တဲ့ ဖြစ်စဉ်တွေကိုတော့ ဇယားနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်-

| စဉ် | ရက်စွဲ/နေရာ | ဖြစ်စဉ်အကြောင်းအရာ | ပျက်စီးဆုံးရှုံးမှု |
|---|---|---|---|
| ၁ | ၆-၆-၂၀၂၁ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် | မအူပင်မြို့၊ ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း ရပ်တန့်ထားသည့် ယာဉ် ၁ စီးအောက်၌ လက်လုပ်မိုင်းပေါက်ကွဲမှု။ | ပျက်စီးဆုံးရှုံးမှုမရှိ |
| ၂ | ၂၃-၆-၂၀၂၁ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ် | သဲကုန်းမြို့အဝင် COVID-19 စစ်ဆေးရေးဂိတ်အနီး၌ လက်လုပ်မိုင်း ပေါက်ကွဲမှု။ | လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦး (မစိုးရိမ်)ဒဏ်ရာရ |
| ၃ | ၂၇-၆-၂၀၂၁ ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ် | ဘိုကလေးမြို့၊ သာပေါင်းကျေးရွာအနီးရှိ COVID-19 စစ်ဆေးရေးဂိတ်(တဲ)အား မီးရှို့ဖျက်ဆီးမှု။ | ယာယီတဲအမိုး မီးလောင်ပျက်စီး |
| ၄ | ၂၉-၆-၂၀၂၁ ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် | ကျိုက်လတ်မြို့အဝင် COVID-19 စစ်ဆေးရေး ဂိတ်၌ လက်လုပ်မိုင်းပေါက်ကွဲမှု။ | ကျား ၄ ဦး၊ မ ၁ ဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ |
| ၅ | ၁၁-၇-၂၀၂၁ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ် | တပ်မတော်စစ်ဆေးရုံ (၂/၅၀၀) အတွက် ဆေးရုံသုံးပစ္စည်းများ တပ်မတော် Faw ယာဉ် ၆ စီးဖြင့် သယ်ဆောင်လာစဉ် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်တိုက်ခိုက်မှု။ | ယာဉ် ၁ စီး ရှေ့လေကာမှန်ကွဲ |
| ၆ | ၁၄-၇-၂၀၂၁ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် | မြစ်ငယ်မြို့၌ တာဝန်သိပြည်သူ ဒေါ်သက်သက်ချိုအပါအဝင် အဖွဲ့ဝင် ၇ ဦးတို့သည် မြို့မဈေးအတွင်း Mask နှင့် Hand Gel များ လိုက်လံဝေငှနေစဉ် အကြမ်းဖက်သမား ၂ ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့။ | ဒေါ်သက်သက်ချို (သေဆုံး) |

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

| | | | |
|---|---|---|---|
| ၇ | ၂၂-၇-၂၀၂၂ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် | မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်ရှိသင်ကြား ရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး၌ သားဖွား မီးယပ်ဆောင်ရှိ အရေးပေါ်ဌာနနှင့် COVID-19 ရောဂါပိုးတွေ့ရှိသူများထားရှိရာသို့ ပို့လွှတ်သည့် အလျား ၁ ပေခွဲခန့်၊ လုံးပတ် ၅ မတ်ခန့်ရှိ ကြေးပိုက်အား အကြမ်းဖက်သူများက ဖျက်ဆီးမှု။ | အလျား ၁ ပေခွဲခန့်၊ လုံးပတ် ၅ မတ်ခန့်ရှိကြေးပိုက် ပျက်စီးမှုကြောင့် ကိုဗစ်ရောဂါသည်အချို့ မသေသင့်ဘဲ သေဆုံးခဲ့။ |
| ၈ | ၂၇-၇-၂၀၂၂ မြစ်ကြီးနား-ရွှေဘိုကားလမ်း | မြစ်ကြီးနား-ရွှေဘိုကားလမ်း၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးနယ်စပ်၊ နန့်စီးအောင် စစ်ဆေးရေးဂိတ်အနီး မော်ဟန်ရွာအဝင်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ်အား မိုင်းထောင်ဖောက်ခွဲခဲ့။ | ကားမှန်များ ပျက်စီးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူမရှိ။ |
| ၉ | ၁-၈-၂၀၂၂ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် | မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် အကြမ်းဖက်သူ ၁ ဦးက လက်ပစ်ဗုံး ၂ လုံးဖြင့် လာရောက်ပစ်ခတ် ထွက်ပြေးသွားခဲ့။ | အပြစ်မဲ့ပြည်သူ ၃ ဦးနှင့် စေတနာ့ဝန်ထမ်း ၁ ဦးတို့တွင် ဗုံးစထိမှန်ဒဏ်ရာများ ရရှိ။ |
| ၁၀ | ၃-၈-၂၀၂၂ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ် | ဖယ်ခုံမြို့နယ်၊ မြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်ပေးနေစဉ် အကြမ်းဖက်သူများထောင်ထားသည့် လက်လုပ် Remote မိုင်း ၁ လုံး ပေါက်ကွဲခဲ့။ | ပြည်သူ ၂ ဦး၊ ရဲ ၁ ဦး ဒဏ်ရာရ၊ ရဲ ၂ ဦး ကျဆုံး။ |
| ၁၁ | ၅-၈-၂၀၂၂ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ | ညောင်နီကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသောင်းဌေးသည် ဖခင်ဖြစ်သူနှင့်အတူ ဝက်ဖြူကျေးရွာမှ ရေဦးမြို့သို့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီး ပြန်လာစဉ် အကြမ်းဖက်သူ ၁၀ ဦးခန့်က ဆိုင်ကယ်အားတား၍ ဦးသောင်းဌေးအား ရိုက်နှက်သတ်ဖြတ်ခဲ့။ | အုပ်ချုပ်ရေးမှူး ဦးသောင်းဌေး(သေဆုံး) |
| ၁၂ | ၅-၈-၂၀၂၂ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် | အမှတ်(၆) ရပ်ကွက်၊ အုတ်ကျင်းဘူတာလမ်းနေ ဦးစန်းလင်းနှင့် ဇနီး ဒေါ်သီတာတို့ နေအိမ်၌ ဈေးရောင်းနေစဉ် PPE ဝတ်စုံဝတ်ဆင်ထားသော စေတနာ့ဝန်ထမ်း အယောင်ဆောင် အကြမ်းဖက်သမား ၂ ဦးက ဆိုင်အတွင်းသို့ ဈေးဝယ်သူအဖြစ် ဟန်ဆောင်၍ သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့။ | ဦးစန်းလင်း(သေဆုံး)နှင့် ဇနီး ဒေါ်သီတာ (စိုးရိမ်ရဒဏ်ရာရ) |
| ၁၃ | ၆-၈-၂၀၂၂ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် | ရန်ကုန်-မော်လမြိုင် ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၉၀/၂-၁)ကြား ကျောက္ကလပ်တံတားအနီး၌ လူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်တစ်စီး တရုတ်နိုင်ငံလုပ် လက်ပစ်ဗုံးဖြင့် ဖောက်ခွဲခံရ။ | မော်တော်ယာဉ်၏ ရှေ့မှန်၊ နောက်မှန် ၂ ချပ်တို့ပျက်စီးခဲ့၊ လူထိခိုက်မှုမရှိ |
| ၁၄ | ၉-၈-၂၀၂၂ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့ | ကောလင်းမြို့အဝင်၌ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တွင် အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် Remote မိုင်း ၂ လုံးပေါက်ကွဲခဲ့ပြီး စစ်ဆေးရေးဂိတ်၏ အနောက်ဘက်မှ ၄၀ မမ ဗုံးပစ်လောင်ချာဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့။ | ရဲတပ်ဖွဲ့ဝင် ၃ ဦး၊ စည်ပင်ဝန်ထမ်း ၁ ဦးတို့ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့၊ ရဲတပ်ဖွဲ့ဝင် ၁ ဦး သေဆုံး။ |
| ၁၅ | ၉-၈-၂၀၂၂ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်းမြို့ | ကျားဖြူခန်းမ၌ ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများဆောင်ရွက်နေစဉ် မော်တော်ဆိုင်ကယ်နှင့် အကြမ်းဖက်သူ ၂ ဦးက လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့။ | ကွန်ကရစ်အခင်း ၅ လက်မ ပတ်လည်ခန့် ပျက်စီးခဲ့ |
| ၁၆ | ၉-၈-၂၀၂၂ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် | ပိုက်သင်ကျေးရွာရှိ ကိုဗစ်-၁၉ စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေသည့်အဖွဲ့များအား မော်တော်ယာဉ်နှင့် အကြမ်းဖက်သမား ၆ ဦးမှ လက်ပြန်ကြိုးတုပ်၍ မြေကြီးပေါ်မှောက်ခိုင်းခဲ့ပြီး ဦးအောင်ဇေယျအား လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့။ | ဦးအောင်ဇေယျ(သေဆုံး) |
| ၁၇ | ၁၅-၈-၂၀၂၂ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့ | ပုလဲမြို့နေ စေတနာလူမှုကူညီရေးအဖွဲ့ဝင် ဦးမြင့်နိုင်သည် နေအိမ်အရှေ့၌ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင် ၅ ဦးနှင့်အတူ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဆွေးနွေးနေစဉ် ဆိုင်ကယ်မောင်းနှင်လာသော အကြမ်းဖက်သမား ၃ ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့။ | ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ |
| ၁၈ | ၁၈-၈-၂၀၂၂ ဧရာဝတီတိုင်းဒေသကြီး၊ အသုတ်မြို့ | အသုတ်မြို့မှ ရွှေအသုတ်အောက်ဆီဂျင်အခမဲ့ဖြန့်ဝေရေးဥက္ကဋ္ဌ ဦးဝင်းနိုင်အား အကြမ်းဖက်သမားများမှ နေအိမ်အတွင်းသို့ ဝင်ရောက်လာပြီး သေနတ်နှင့် အနီးကပ်ပစ်ခတ်ခဲ့။ | ဦးဝင်းနိုင်(သေဆုံး) |
| ၁၉ | ၂၈-၈-၂၀၂၂ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် | ကိုဗစ်-၁၉ နယ်ကျော် စစ်ဆေးရေးဂိတ်အနီး လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့။ | လမ်းမပေါ်၌ ရပ်တန့်ထားသည့် မော်တော်ယာဉ်၏ ရှေ့လေကာမှန်၊ နောက်ဝဲ/ယာ လေကာမှန်တို့ ကွဲအက်ပျက်စီးခဲ့ကာ လူထိခိုက်မှုမရှိ။ |
| ၂၀ | ၆-၉-၂၀၂၂ ကရင်ပြည်နယ်၊ ဖာပွန်မြို့၊ ပြည်သူ့ဆေးရုံ | KNLA တပ်မဟာ(၅)အဖွဲ့က ဆေးရုံ၏ အရှေ့မြောက်ဘက်မှ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့။ | ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့်မဲသလွတ်ကျေးရွာနေ ဒေါ်ချစ်မေ (၇၈နှစ်)၌ ထိခိုက်ဒဏ်ရာများရရှိ။ |
| ၂၁ | ၆-၉-၂၀၂၂ ပြည်မြို့၊ ရွာဘဲရပ်ကွက် သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ | ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံလျက်ရှိရာ ဆိုင်ကယ်မောင်းနှင်လာသော အမျိုးသား ၂ ဦးမှ လက်လုပ်ဗုံး ၂ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့။ | ကာကွယ်ဆေး ထိုးနှံနေသည့် နေရာရှိ လူနှင့် အဆောက်အဦ တစ်စုံတစ်ရာ ထိခိုက်မှုမရှိ။ |
| ၂၂ | ၁၃-၉-၂၀၂၂ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉ လမ်း၊ ၅၆ လမ်းနှင့် ၅၇ လမ်းကြားရှိ ကိုဗစ်-၁၉ ရောဂါနယ်ကျော် စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့။ | လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးနှင့် စေတနာ့ဝန်ထမ်း ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ ပြည်သူ ၂ ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ၂ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့။ |
| ၂၃ | ၁၆-၉-၂၀၂၂ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် | ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ဆောင်ရွက်၍ ပြန်လည်ထွက်ခွာလာသည့် ယာဉ်တန်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က အဝေးထိန်း လက်လုပ်ဆွဲမိုင်းများဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့။ | Hilux Double Cab ၂ ခန်းတွဲယာဉ်၏နောက်ပိုင်းနှင့် ရှေ့တံခါးအနည်းငယ် မိုင်းစထိမှန်ပျက်စီးခဲ့။ |
| ၂၄ | ၁၆-၉-၂၀၂၂ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ | ကိုဗစ်-၁၉ တတိယလှိုင်း၌ ကလေးမြို့နယ်အတွက် အောက်ဆီဂျင်အိုးများ သယ်ဆောင်ပေးခဲ့သည့် ၁၂ ဘီးယာဉ်သည် ကလေးနှင့် ဂန့်ဂေါလမ်းကြား လမ်းပိုင်း၌ မိုင်းဖောက်ခွဲခံခဲ့ရ။ | ယာဉ်မောင်းဖြစ်သူ သေဆုံး၊ |
| ၂၅ | ၂၁-၉-၂၀၂၂ တနင်္သာရီတိုင်းဒေသကြီး မောတောင်မြို့ | တနင်္သာရီမြို့နယ်၊ အမှတ်(၉) ကျေးရွာထိပ်၌ ကျေးရွာအုပ်ချုပ်ရေးမှူးဦးအေးမင်းကို ပါဝင်သော ပူးပေါင်းအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် အကြမ်းဖက်အမျိုးသား ၁ ဦးမှ သေနတ်ဖြင့်ပစ်ခတ်ခဲ့။ | ဦးအေးမင်းကို(သေဆုံး)၊ ဦးမျိုးဇော်(ဒဏ်ရာရရှိ) |
| ၂၆ | ၂၅-၉-၂၀၂၂ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် | ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ရွှေကျင်စစ်ဆေးရေးဂိတ်အား ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်အမျိုးသား ၁ ဦးက လက်လုပ်ဗုံးဖြင့် လာရောက်ပစ်ခတ်ထွက်ပြေးသွားခဲ့။ | လမ်းပေါ်တွင် ဆိုင်ကယ်ဖြင့် သွားလာနေသည့် အမျိုးသမီးငယ် ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ |

ဒီလိုမျိုး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးနေရာတွေကို ပစ်မှတ်ထားတဲ့ အကြမ်းဖက်ပစ်ခတ်မှုနဲ့ ဗုံးခွဲတဲ့ဖြစ်စဉ် ၂၆ ကြိမ်ရှိပြီး အပြစ်မဲ့ပြည်သူတွေနဲ့ နိုင်ငံ့ဝန်ထမ်း ၇ ဦးသေဆုံး၊ ၂၂ ဦး ဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၃ ဦး သေဆုံး၊ ၅ ဦး ဒဏ်ရာရရှိခဲ့ကြပါတယ်။

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမရွာဖြစ်စဉ်မှာလည်း PDF အမည်ခံ လက်နက်ကိုင် အကြမ်းဖက်သမားတွေက အပြစ်မဲ့တဲ့ကျေးရွာနေ ပြည်သူတွေရဲ့ အိမ်ခြေ ၁၀၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ချင်းပြည်နယ် ထန်တလန် ရာပြည့်နှစ်ခြင်းခရစ်ယာန်အသင်းတော် သင်းအုပ်ဆရာ ပါစတာ ကျုံးဗျက်ဟုမ်း သေဆုံးခဲ့တဲ့ဖြစ်စဉ်မှာလည်း PDF အကြမ်းဖက်သမားတွေလက်ချက်သာဖြစ်ပါတယ်။ ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်မှာ PDF အကြမ်းဖက်သမားတွေက ရပ်ကွက်ထဲကနေ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို စောင့်ကြိုတိုက်ခိုက်ကြပါတယ်။ ဖြစ်စဉ်ဖြစ်ပွားတဲ့အချိန်က ညနေ ၄ နာရီကနေ ၄ နာရီ ၂၅ မိနစ်အထိသာဖြစ်ပါတယ်။ သင်းအုပ်ဆရာသေဆုံးခဲ့တဲ့အချိန်က ညနေ ၆ နာရီဖြစ်နေပါပြီ။ ဒါကို တပ်မတော်က ပစ်ခတ်တယ်လို့ ပြည်ဖျက်မီဒီယာတွေက စွပ်စွဲရေးသားကြပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ချင်းနှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်နဲ့ ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်တို့ရဲ့ ထုတ်ပြန်ချက်တွေကလည်း ဘာသာရေးဘက်ကို ဆွဲယူရေးသားနေတာမျိုးတွေ တွေ့နေရပါတယ်။ သတိပြုစရာ ကိစ္စရပ်တွေပါပဲ။

မကြာသေးခင်က KIA ရဲ့ ပြန်ကြားရေးတာဝန်ခံ နော်ဘူက မိုင်ဆတ်ပါရွာ ကိုဗစ်စခန်းကို တပ်မတော်က လက်နက်ကြီးနဲ့ ပစ်နေတယ်ဆိုပြီး ပြောတဲ့ သတင်းဖတ်လိုက်ရတော့ ပြုံးက ပြုံရတယ်လို့ပဲ ဆိုချင်တော့တယ်။ တကယ့်လက်တွေ့မှာ ပြည်သူလူထုကို တိုက်ရိုက်ထိခိုက်စေတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ဆိုင်တဲ့ နေရာတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်နေတာက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တချို့ရဲ့ အကြမ်းဖက်သင်တန်းဆင်းလာတဲ့ PDF အကြမ်းဖက်အဖွဲ့တွေပဲဖြစ်ပါတယ်။ ဒီလို အစွန်းရောက် အကြမ်းဖက်ဝါဒမျိုးဆိုတာ ဘယ်နိုင်ငံ၊ ဘယ်လူ့အဖွဲ့အစည်းကမှ လက်မခံနိုင်တာကြောင့် ကျွန်တော်တို့လို ယဉ်ကျေးတဲ့ မြန်မာ့လူ့အဖွဲ့အစည်းမှာလည်း ရှင်သန်လာစရာ အကြောင်းမရှိပါဘူး။

### မုချကျဆုံးရမည်

ဒါကြောင့် မြန်မာနိုင်ငံမှာ အစွန်းရောက် အကြမ်းဖက်ဝါဒကို ဦးဆောင်နေသူက NUG/PDF ဖြစ်ပေမယ့် ဒီလမ်းကြောင်းပေါ်ရောက်အောင် ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေကြတဲ့ ပြည်ပနိုင်ငံတချို့နဲ့ တိုင်းရင်းသားလက်နက်ကိုင်တချို့ရဲ့ လုပ်ရပ်တွေကို ကျွန်တော်တို့ ပြည်သူလူထုကြီး သတိထားမိစေချင်ပါတယ်။ ပညာရေး၊ ကျန်းမာရေးနဲ့ ဘာသာရေးနဲ့ဆိုင်တဲ့ နေရာမရှောင် ဗုံးခွဲနေကြပြီး သာမန်ပြည်သူတွေနဲ့ သံဃာတော်တွေကို ဒလန်လို့စွပ်စွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်နေကြတဲ့ NUG/PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေက အလွန်ပဲရွံရှာစက်ဆုပ်ဖွယ် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူလူထုကြီးအနေနဲ့ အကြမ်းဖက်ဝါဒ ထွန်းကားလာအောင် ဆိုရှယ်မီဒီယာပေါ်ကနေ လှုံ့ဆော်နေကြတဲ့ ပြည်ဖျက်မီဒီယာတွေရဲ့ သတင်းအမှား၊ အချက်အလက်အမှားတွေကိုလည်း သတိပြုဆင်ခြင်နိုင်ကြပြီး အစွန်းရောက်အကြမ်းဖက်ဝါဒ မုချကျဆုံးအောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရအောင်လို့ တိုက်တွန်းလိုက်ရပါတယ်။

# ပဲတီစိမ်းသီးနှံ ပိုးသတ်ဆေးဓာတ်ကြွင်းမပါရှိစေရေး သီးသန့်ဇုန်များတည်ထောင်နိုင်ရေး ဆောင်ရွက်သွားစေလို

ရန်ကုန်  အောက်တိုဘာ  ၈

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြောကြားသည်။**




**ပိုးသတ်ဆေးဓာတ်ကြွင်းများ မပါရှိစေရေး**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက သီးနှံကာကွယ်ရေးလုပ်ငန်းသည် သီးနှံလေလွင့်ဆုံးရှုံးမှု လျော့ပါးစေရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးအတွက် အရေးပါသော လုပ်ငန်းဖြစ်ကြောင်း၊ အထူးသဖြင့် ဆန်၊ ပြောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ တင်ပို့မှု အရေအတွက်နှင့် တန်ဖိုးများ မြင့်တက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် ပဲသီးနှံမှ အမေရိကန် ဒေါ်လာသန်း ၂၅၀၀တန်ဖိုးအထိ တိုးတက် တင်ပို့နိုင်ခဲ့ကြောင်း၊ အခြား နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိနိုင်သော သီးနှံများ တင်ပို့နိုင်ရေးအတွက် တင်သွင်းသည့်နိုင်ငံများနှင့် သဘောတူညီချက်ရရှိရေးနှင့် သီးနှံပိုးမွှား ရောဂါကင်းရှင်းကြောင်း လက်မှတ် SPS Certificate လက်မှတ်များ ထုတ်ပေးရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်နေမှုများ လျှော့ချနိုင်ရေးလုပ်ငန်းများတွင် အစိုးရနှင့် ပုဂ္ဂလိကတို့က ညှိနှိုင်းဆွေးနွေးကြစေလိုပါကြောင်း၊ ပြည်ပပို့ကုန်များ၏ စားနပ်ရိက္ခာ အန္တရာယ်ဓာတ်ကြွင်း မရှိစေရေး ဈေးကွက်အသစ်များ ရရှိစေရေးနှင့် ဓာတ်ခွဲခန်းများ အရည်အသွေးမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ သီးနှံကာကွယ်ရေးတွင် ပဲမျိုးစုံပို့ကုန်ကဏ္ဍတွင် ဈေးကွက်အသစ်များ ပွင့်လင်းလာပြီး အလားအလာရှိသည့် ပဲတီစိမ်းသီးနှံတွင် ကန့်သတ်ထားသည့် ပိုးသတ်ဆေးဓာတ်ကြွင်းများ မပါရှိစေရေးအတွက် သတ်မှတ်ခွင့်ပြုထားသည့် သီးသန့်ဇုန်များ တည်ထောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ပုဂ္ဂလိကနှင့် သီးနှံကာကွယ်ရေးဌာနခွဲတို့ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်လင်းက သီးနှံကာကွယ်ရေးဌာနခွဲတာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ထားရှိ**

ယင်းနောက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်း ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် မြန်မာနိုင်ငံ ပြောင်းအသင်း အတွင်းရေးမှူး ဦးသန့်ဇင်ထွန်းတို့က ဆန်၊ ပြောင်း၊ ပဲမျိုးစုံနှင့် နှမ်းများ ပြည်ပနိုင်ငံများသို့ တင်ပို့ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသည့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များ အသင်းမှ တာဝန်ရှိသူများက ပို့ကုန်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားသည်။ ယင်းနောက် အစည်းအဝေးခန်းမအတွင်း ပြသထားသည့် သီးနှံကာကွယ်ရေးဌာနခွဲမှ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ အရာထမ်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)ရှိ Myanmar CP Livestock Chicken & Pork slaughter hose စက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရွာသာကြီး ဘက်စုံမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံသည် အာဆီယံအတွက်သာမက မြန်မာနိုင်ငံအတွက်လည်း အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်

နေပြည်တော် အောက်တိုဘာ ၈

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းသည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည့် Indo-ASEAN Business Summit & Expo သို့ တက်ရောက်အမှာစကားပြောကြားသည်။**







အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် အိန္ဒိယနိုင်ငံတို့အကြား စီးပွားရေးနှင့် ကုန်သွယ်မှုများတွင် ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံနှင့် အိန္ဒိယတို့သည် စီးပွားရေး၊ ယဉ်ကျေးမှု၊ ကုန်သွယ်မှုတွင်လည်း အလွန်နက်ရှိုင်းသည့် ဆက်ဆံရေးရှိပါကြောင်း၊ အိန္ဒိယနိုင်ငံသည် အာဆီယံအတွက်သာမက မြန်မာနိုင်ငံအတွက်လည်း အကြီးဆုံး ကုန်သွယ်ဖက် နိုင်ငံဖြစ်ပါကြောင်း၊ အာဆီယံ- အိန္ဒိယ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမှတစ်ဆင့် ဒေသတွင်းရှိ ပြည်သူများအတွက် အခွင့်အလမ်းများနှင့် အောင်မြင်မှုများကို ယူဆောင်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ အာဆီယံ- အိန္ဒိယ FTA အောက်မှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာအကူအညီ၊ သင်တန်း/ ဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ MSMEs ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း နိုင်ငံများနှင့်သာမက အခြားနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး လုပ်ငန်းများအပေါ် ကုစားရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်း ဆောင်ရွက်လျက်ရှိရာ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာ စေရေးအတွက် မိတ်ဖက်နိုင်ငံများနှင့် လက်တွဲဆောင်ရွက်သွား လိုပါကြောင်း၊ ထို့ပြင် ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် အဆင်ပြေချောမွေ့စေရေး အတွက် အရေးပါသည့် အကောက်အခွန် မဟုတ်သော အတားအဆီးများ ဖြေလျှော့ရေးအတွက်လည်း ပူးပေါင်း ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ရင်ဆိုင်နေကြရသည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ပြီး အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော ဒေသအဖြစ် ဖန်တီးသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ Business Summit & Expo သို့ အိန္ဒိယ သမ္မတနိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီး H.E. Mr. Piyush Goyal နှင့် အာဆီယံနိုင်ငံများမှ ကုန်သွယ်ရေး ဝန်ကြီးများ၊ အိန္ဒိယနိုင်ငံ Confederation of Indian Industry (CII) မှ ဥက္ကဋ္ဌ Mr.T V Narendran ၊ ညွှန်ကြားရေးမှူးချုပ် Mr.Chandrajit Banerjee နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျ လက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ  ၈**

ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၇၉ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၃ ဦးနှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၄၇ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# အားလုံးပူးပေါင်းပါဝင် အားထုတ်မှုများဖြင့် ကပ်ရောဂါအကျပ်အတည်းကို အတိုင်းအတာတစ်ခုအထိ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်

နေပြည်တော် အောက်တိုဘာ ၈

**နေပြည်တော်တွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဖြစ်သော Quarantine Center နှင့် Positive Center များ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုအပ်သော ခုတင်များ၊ Oxygen အိုးများနှင့် အခြားဆက်စပ်ပစ္စည်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် ဌာန/အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က နေပြည်တော်တွင် ဌာန/အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှု၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများက စိတ်ဓာတ်၊ စည်းလုံးမှုနှင့် အားလုံးပူးပေါင်းပါဝင် အားထုတ်မှုများဖြင့် စွမ်းစွမ်းတမံ ကိုယ်ကျိုးစွန့် အနစ်နာခံ ဆောင်ရွက်ခဲ့သဖြင့် ကပ်ရောဂါအကျပ်အတည်းကို အတိုင်းအတာတစ်ခုအထိ ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်ကျောင်းများကို ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ သတ်မှတ်အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်ကို လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ နေပြည်တော်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ လိုအပ်သည့် ခုတင်၊ အောက်ဆီဂျင်အိုးနှင့် အခြားဆက်စပ်ပစ္စည်း လိုအပ်ချက်များကို ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ခဲ့သည့် ဌာန/ အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ သိပ္ပံကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ အားလုံးကို နေပြည်တော်ကောင်စီအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အရှိန်အဟုန်မပျက် အားလုံးပူးပေါင်းပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (တည်ဆောက်ရေး-၅) တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် နေပြည်တော်ကောင်စီအတွင်းရေးမှူးတို့က အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ စိုက်ပျိုးရေးသိပ္ပံ(ပျဉ်းမနား)၊ သူနာပြုသင်တန်းကျောင်း (နေပြည်တော်)၊ သားဖွားသင်တန်းကျောင်း(နေပြည်တော်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်)၊ ပညာ့ပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Wisdom Hill ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ USM ကိုယ်ပိုင်အထက်တန်းကျောင်း၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ OIAC ကိုယ်ပိုင်အထက်တန်းကျောင်း၊ မန်းရှင် အောက်ဆီဂျင်စက်ရုံ၊ ပညာလွင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဟိန်းရတနာအောင် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ယွမ်ယွမ်ကုမ္ပဏီတို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တက်ရောက်လာသူများ ကိုယ်စား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒေါက်တာ နေမျိုးအောင် ဌာနမှူး(စီမံ)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

**ကျောင်းအုပ်ကြီးများ ကြိုတင်ဆောင်ရွက်ရမည့်**
**ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ ကျောင်းသား/သူ၊ ဆရာ/မ၊ ရုံးဝန်ထမ်းများအတွက် ပါးစပ်နှင့် နှာခေါင်းစည်း (Mask)များ လိုအပ်ပါက ပံ့ပိုးနိုင်ရေး စီစဉ်ထားရှိရန်၊

၂။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ အပူချိန်တိုင်းကိရိယာ၊ ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည်၊ အမှိုက်ပုံး၊ ပိုးသတ်သန့်စင်ဆေးရည်၊ PPE ဝတ်စုံ၊ လက်အိတ် စသည့်ပစ္စည်းများ လုံလောက်အောင် စုဆောင်းထားရန်နှင့် အရေးပေါ်ဆေးသေတ္တာများ အဆင်သင့်ပြင်ဆင်ထားရန်၊

၃။ ကျောင်းမလာမီ၊ ကျောင်းချိန်အတွင်း၊ ကျောင်းဆင်းချိန် လိုက်နာရန် နှိုးဆော်ချက်များ ကျောင်းဝင်းအဝင်ဝ၌ ချိတ်ဆွဲထားရန်၊

၄။ ကျောင်းဝင်းအတွင်း ရေနှင့် မိလ္လာစနစ် ကောင်းမွန်စေရေး စီစဉ်ထားရှိရန်၊

၅။ စာသင်ဆောင်၊ ကျောင်းဝင်းသန့်ရှင်းရေးကို သောကြာနေ့တိုင်း ဆောင်ရွက်ရန်၊

၆။ စာသင်ခန်းအတွင်း စာသင်ခုံများ (၄)ပေကွာထားရှိရန်၊ သန့်စင်ခန်းသွားလမ်းများနှင့် ကျောင်းဝင်းအဝင်လမ်းများ၌ (၄)ပေကွာ အမှတ်အသားများ စီစဉ်ထားရှိရန်၊

၇။ ကျောင်းဝင်းအဝင်ဝ၊ စာသင်ခန်းရှေ့များနှင့် သန့်စင်ခန်းများ၌ လက်ဆေးရန်ဘေစင်များတွင် ဆပ်ပြာနှင့် ရေပြည့်စုံစွာ စီစဉ်ထားရှိရန်၊

၈။ ကျောင်းမုန့်ဈေးဆိုင်များတွင် ပလက်စတစ်အကာ (သို့) မှန်အကာထားရှိစေပြီး သန့်ရှင်းစေရေး ကြပ်မတ်ဆောင်ရွက်ရန်၊

၉။ အမှိုက်ကန်ထားရှိခြင်း (သို့မဟုတ်) အမှိုက်သိမ်းစနစ်ကို စနစ်တကျဆောင်ရွက်ရန်၊

၁၀။ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး စီစဉ်ဆောင်ရွက်မှု အခြေအနေဆန်းစစ်ပုံစံ (Readiness Assessment Checklist Version-4) လမ်းညွှန်ချက်များနှင့်အညီ ကျောင်းနှင့် စာသင်ခန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် လမ်းညွှန်ချက်များအား အလေးထားလိုက်နာစေရေး စီစဉ်ဆောင်ရွက်ရန်၊

၁၁။ ကျောင်း၏ဘက်စုံတိုးတက်ရေး၊ ကူးစက်ရောဂါကာကွယ်ရေးအတွက် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ရပ်ရွာလူထု၊ လူမှုကူညီရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

၁၂။ အရေးပေါ်ဆက်သွယ်ရန် ဖုန်းနံပါတ်များကို မြင်သာသောနေရာတွင် ချိတ်ဆွဲထားရန်၊

၁၃။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ အထက်အဆင့်ဆင့်သို့ တင်ပြရန်၊

## ကျောင်းကုန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ လျှပ်စစ်မီး ရရှိတော့မည်

**ကျောင်းကုန်း အောက်တိုဘာ ၈**

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်(ဒုတိယအဆင့်)အရ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်ရှိ လူသန့်ချောင်ကျေးရွာနှင့် ရေတွင်း ကန့်လန့်ကျေးရွာတို့တွင် လျှပ်စစ်မီးတပ်ဆင်ပြီးစီးကာ စမ်းသပ်ထုတ်လွှတ်နိုင်ပြီဖြစ်၍ မကြာမီကာလတွင် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်တာဝန်ခံ အင်ဂျင်နီယာထံက သိရသည်။

ကျောင်းကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်တာဝန်ခံအင်ဂျင်နီယာ ဦးငြိမ်းချမ်းအောင်တို့က တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာချုပ်ထံ တင်ပြတောင်းခံမှုကြောင့် လူသန့်ချောင်ကျေးရွာနှင့် ရေတွင်းကန့်လန့်ကျေးရွာတို့တွင် လျှပ်စစ်မီတာအလုံး ၁၀၀ ကျော် ရရှိသဖြင့် ကျေးရွာအတွင်း အားလုံးတပ်ဆင်ပြီးစီးပြီဖြစ်သည်။

လူသန့်ချောင်ကျေးရွာတွင် အိမ်ခြေ ၁၁၆အိမ်၊ အိမ်ထောင်စု ၁၂၃ဦးမှ ၄၀၀ ဗို့လိုင်းအတွက် ကုန်ကျငွေကျပ်သိန်း ၁၃၀နှင့် ရေတွင်းကန့်လန့်ကျေးရွာတွင် အိမ်ခြေ ၁၅၀၊ အိမ်ထောင်စု ၁၆၁ဦးမှ ၄၀၀ ဗို့လိုင်းအတွက် ကုန်ကျငွေကျပ်သိန်း ၁၂၀တို့ဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရာနှုန်းပြည့် တပ်ဆင်ပြီးစီးပြီဖြစ်၍လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၈**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန် (မြို့လယ်) တွင် ၄ ဒသမ ၉၂လက်မ၊ ကော့သောင်းမြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ဆောမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ နေပြည်တော် (ပုဗ္ဗသီရိမြို့နယ်) နှင့် ရေးမြို့တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်) နှင့် နေပြည်တော် (ဥတ္တရသီရိမြို့နယ်)တို့တွင် ၁ ဒသမ ၁၀ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# အိန္ဒိယ၌ အောက်တိုဘာ ၁၅ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများ လာရောက်ခွင့်ပြုတော့မည်

**နယူးဒေလီ အောက်တိုဘာ ၈**

အိန္ဒိယနိုင်ငံသည် အောက်တိုဘာ ၁၅ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများကို တိုင်းပြည်အတွင်း ဝင်ရောက် လည်ပတ်ခွင့်ပြုတော့မည်ဟု သိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အိန္ဒိယနိုင်ငံသို့ ခရီးသွားများဝင်ရောက်မှုကို တားမြစ်ထားသည်မှာ တစ်နှစ်ခွဲကာလရှိပြီဖြစ်သည်။ အောက်တိုဘာ ၁၅ ရက်မှစတင်ကာ ခရီးသွားဗီဇာကို စတင်ထုတ်ပေးမည်ဟု အိန္ဒိယအစိုးရက အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်။ စင်းလုံးငှားလေယာဉ်ဖြင့်သာ နိုင်ငံအတွင်းဝင်ခွင့်ပြုမည်ဟု ပြောကြားခဲ့သည်။

စင်းလုံးငှားလေယာဉ်ဖြင့် မလာနိုင်သောခရီးသွားများသည် အိန္ဒိယနိုင်ငံအတွင်းသို့ လာရောက်ခွင့်ရရေး နိုဝင်ဘာ ၁၅ ရက်အထိ စောင့်ဆိုင်းရမည်ဟု သိရသည်။ ပြီးခဲ့သည့်နှစ် မတ်လအတွင်းမှ စတင်ကာ အစိုးရသည် ခရီးသွားဗီဇာထုတ်ပေးခြင်းကို ရပ်တန့်ခဲ့သည်။

ကိုဗစ်- ၁၉ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အဖြစ် ယင်းသို့လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၃ ဘီလီယံရှိသည်။ မေလအတွင်း အိန္ဒိယ၌ ကိုဗစ်-၁၉ ကူးစက်မှုများ အဆမတန် များပြားခဲ့သည်။ နေ့စဉ်ကူးစက်မှုမှာ ၄၀၀၀၀၀ ကျော် ရှိခဲ့သည်။ သို့သော် မကြာခင်အချိန်အတွင်းကမှ အိန္ဒိယတွင် နေ့စဉ်ကူးစက်မှုမှာ ၂၀၀၀၀ အောက်သို့ ကျဆင်းလာခဲ့သည်။ ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံအစိုးရတို့သည် တိုင်းပြည်အတွင်းသို့ ခရီးသွားများကို ပြန်လည်ဝင်ရောက်ခွင့်ပေးရန် အိန္ဒိယအစိုးရထံ တောင်းဆိုခဲ့ကြသည်။ ခရီးသွားလုပ်ငန်းသည် အိန္ဒိယနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းလည်း ဖြစ်သည်။ တိုင်းပြည်၏ စီးပွားရေး ပြန်လည် သက်သာရာရလာစေရေးအတွက် နိုင်ငံခြားခရီးသွားများ ပြန်လည်လက်ခံမည့်ရက်ကို အာရုံစိုက်နေကြသည်။ တိုင်းပြည်၏ စီးပွားရေးမှာ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**



တတ်ဂျ်မဟာ အဆောက်အအုံတွင် သန့်ရှင်းရေးပြုလုပ်နေကြစဉ်။

# လက်ဘနွန်နိုင်ငံ၌ ဆောင်းမဝင်မီ ကိုဗစ်- ၁၉ ကာကွယ်ဆေး အရှိန်တိုးမြှင့်ထိုးနှံပေးနိုင်ရေးကြိုးပမ်း

**ဘေရွတ် အောက်တိုဘာ ၈**

လက်ဘနွန်နိုင်ငံတွင် ဆောင်းမဝင်မီ ကိုဗစ် -၁၉ ကာကွယ်ဆေး အရှိန်တိုးမြှင့် ထိုးနှံပေးနိုင်ရေးအတွက် နောက်ထပ်ကာကွယ်ဆေးများ ထပ်မံရရှိမည်ဟု အောက်တိုဘာ ၇ ရက်တွင် လက်ဘနွန် ကျန်းမာရေးဝန်ကြီး ဖရက်ဖ်အာဘီရက်က ပြောသည်။

ပြင်သစ်နိုင်ငံသည် ဖိုက်ဇာ ကာကွယ်ဆေးအလုံးရေ၅၀၀၀၀၀ ကိုလှူဒါန်းသွားရန် သဘောတူထားသည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားခဲ့သည်။ နောက်ထပ် ကိုဗစ် -၁၉ ကာကွယ်ဆေး တစ်သန်းထပ်မံ ဝယ်ယူရန်အတွက်လည်း လက်ဘနွန်နိုင်ငံသည် ကမ္ဘာ့ဘဏ်နှင့် သဘောတူထားသည်။ လက်ဘနွန်လူဦးရေ၏ ၂၆ ဒသမ ၇ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့် ထိုးထားပေးပြီး ဖြစ်ကြောင်း လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ လက်ဘနွန်နိုင်ငံတွင် ကပ်ရောဂါကူးစက်မှု အခြေအနေမှာ အကောင်းဘက်သို့ ဦးတည်လာပြီဖြစ်ပြီး ဆောင်းရာသီတွင် နောက်ထပ်ကူးစက်မှုလှိုင်းမဖြစ်ပေါ်မီ ကာကွယ်ဆေးကို တိုး၍ထိုးပေးရမည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။

လက်ဘနွန် ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ လက်ဘနွန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၆၂၈၂၄၁ ဦးရှိပြီး သေဆုံးသူ ၈၃၇၅ ဦး ရှိသည်ဟု သိရသည်။

**ဆင်ဟွာ**



ဘေရွတ်မြို့ဆေးစင်တာတွင် မေ ၂၄ ရက်က ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနေစဉ်။

# တိုကျိုမြို့၌ လာမည့်သီတင်းပတ်အတွင်း ငလျင်လှုပ်မှုပိုမိုဖြစ်ပေါ်လာနိုင်

**တိုကျို အောက်တိုဘာ ၈**

တိုကျိုမြို့၌ လာမည့်သီတင်းပတ်အတွင်း အင်အားပြင်းထန်သည့် ငလျင်လှုပ်နိုင်ဖွယ်ရှိသည်ဟု ဂျပန် မိုးလေဝသဌာနက ပြောသည်။ တိုကျိုမြို့နှင့်အနီး ဧရိယာတစ်ဝိုက်တွင် အောက်တိုဘာ ၇ ရက် ညပိုင်းက ပြင်းထန်သည့် တုန်ခါမှုဖြစ်ပေါ်ပြီးနောက် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

ဂျပန်စံတော်ချိန် ည ၁၀ နာရီ ၄၁ မိနစ်တွင် ပြင်းအား ၅ ဒသမ ၉ ရစ်ချ်တာစကေးရှိသည့် ငလျင်တစ်ခု လှုပ်ခဲ့သည်ဟု မိုးလေဝသအေဂျင်စီအရာရှိများက ပြောသည်။ တိုကျိုမြို့အနီး ချီဘာခရိုင် အနောက်မြောက်ပိုင်းကို ဗဟိုပြုကာ ငလျင်လှုပ်ခဲ့ခြင်းဖြစ်ပြီး ငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ခြင်း မရှိပေ။

အောက်တိုဘာ ၈ ရက် နံနက် ၅ နာရီကလည်း ပထမငလျင်လှုပ်ခဲ့သည့်နေရာနှင့် အနီးတွင် ပြင်းအား ၃ ဒသမ ၆ မဂ္ဂနီကျူရှိ ငလျင်ထပ်မံလှုပ်ခဲ့သည်ဟု အေဂျင်စီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ကင်မရွန်းနိုင်ငံ ကျေးရွာတစ်ရွာ၌ ဘိုကိုဟာရမ်တို့၏ တိုက်ခိုက်မှုကြောင့် ရွာသားငါးဦးသေဆုံး

**ယောင်အွန်ဒေး အောက်တိုဘာ ၈**

ကင်မရွန်းနိုင်ငံမြောက်ပိုင်း အစွန်ကျသည့် ကျေးရွာတစ်ရွာ၌ အကြမ်းဖက်အုပ်စုဖြစ်သည့် ဘိုကိုဟာရမ်တို့၏ တိုက်ခိုက်မှုကြောင့် ငါးဦး ထက်မနည်း သေဆုံးခဲ့သည်ဟု လုံခြုံရေးနှင့် ဒေသခံသတင်းအရင်းအမြစ်များက အောက်တိုဘာ ၇ ရက်တွင် ပြောသည်။

အောက်တိုဘာ ၆ ရက်ညပိုင်းမှ အောက်တိုဘာ ၇ ရက် နံနက်ပိုင်း အထိ အက်ဆိုင်းဟာဆီရာ ကျေးရွာ၌ ဘိုကိုဟာရမ်တို့၏ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရွာသားများ အိပ်နေစဉ် ကျေးရွာကို ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ပြီး ကျေးရွာသားငါးဦးကို သတ်ဖြတ်ခဲ့သည်။

နေအိမ်များနှင့် ဈေးဆိုင်များကိုလည်း ဖျက်ဆီးခဲ့သည်ဟု အဆိုပါဒေသတွင် တာဝန်ချထားခြင်းခံရသည့် တပ်ဖွဲ့ဝင်တစ်ဦးက ဆင်ဟွာသို့ ပြောသည်။

**ဆင်ဟွာ**

# ၂၀၂၁ နှစ်ကုန်ပိုင်းတွင် နိုင်ငံတိုင်းရှိ လူဦးရေ ၄၀ ရာခိုင်နှုန်းကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသတ်မှတ်

**ဂျီနီဗာ အောက်တိုဘာ ၈**

၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံတိုင်း၏ လူဦးရေ ၄၀ ရာခိုင်နှုန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး သတ်မှတ်ထားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အောက်တိုဘာ ၇ ရက်တွင် ကြေညာခဲ့သည်။

၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းတွင်မူ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေး မျှော်မှန်းထားသည်။ အထူးသဖြင့် အာဖရိကနိုင်ငံများအပါအဝင် ဝင်ငွေနိမ့်သည့်နိုင်ငံများကို ကာကွယ်ဆေးတင်ပို့ပေးနိုင်ရေး ဦးစားပေးလုပ်ဆောင်သွားမည်ဟုလည်း သိရသည်။

အဆိုပါ ရည်မှန်းချက် ပြည့်မီရေးအတွက် ကာကွယ်ဆေးအလုံးရေ ၁၁ ဘီလီယံ လိုအပ်မည်ဟုလည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ်အက်ဒ်ဟာနွန် ဂီဘရီယက်ဆုက ပြောသည်။ တစ်ကမ္ဘာလုံးအနှံ့ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၅ ဘီလီယံ ထုတ်လုပ်နိုင်ပြီး ဖြန့်ဖြူးမှုတွင် ညီညီမျှမျှသာခွဲဝေနိုင်ပါက ရည်မှန်းချက် ပြည့်မီနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မှတ်တမ်းများအရ တစ်ကမ္ဘာလုံးအနှံ့ကာကွယ်ဆေးအလုံးရေ ၆ ဒသမ ၄ ဘီလီယံထိုးပေးပြီးဖြစ်ပြီး ကမ္ဘာ့လူဦးရေ၏ သုံးပုံပုံလျှင် တစ်ပုံကိုသာ ကာကွယ်ဆေးအပြည့် ထိုးပေးရသေးသည်ဟု သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် ၂၉၅ ဦးထပ်မံသေဆုံး

**မနီလာ အောက်တိုဘာ ၈**

ဖိလစ်ပိုင်နိုင်ငံတွင် အောက်တိုဘာ ၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၆၇၀ တိုးလာပြီးနောက် နိုင်ငံအတွင်းကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၆၄၃၄၉၄ ဦးအထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်)က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် ၂၉၅ ဦးထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း ၃၉၂၃၂ ဦးအထိ ရှိလာခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနှုန်းသည် တဖြည်းဖြည်းအကျဘက်သို့ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန အကြီးအကဲဖြစ်သူ မာရီယာ ရိုဆာရီယိုဗာဂျရီက ပြောသည်။ ထို့အတူ ဆေးရုံတက်ရောက်ကုသသူဦးရေလည်း ကျဆင်းလာကြောင်း ၎င်းကပြောသည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေသန်း ၁၁၀ ရှိသည့်အနက် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း သန်း ၂၀ ကျော်လွန် ရောက်ရှိလာပြီဖြစ်သည်။

**ဆင်ဟွာ**

# ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၁-၁၀-၂၀၂၁) နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၀-၇-၂၀၂၁) နေ့မှ (၂၁-၉-၂၀၂၁) နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ တစ်ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်း တစ်ဦး၊ အထွေထွေ လေးဦး ပေါင်းခြောက်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လျှောက်ထားသူ တစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၀၉၅ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၃ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၁၇၄ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ



**နေပြည်တော် အောက်တိုဘာ ၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၅၅)နှစ် အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည် ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင် စခန်းများအတွင်းရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆စုသတ်မှတ်၍ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများကို နေ့စဉ်ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့၌ ၄၇၁ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ၅၅၃၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၃မြို့နယ်တို့၌ ၂၂၇၆၃ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ ၁၈၅၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့၌ ၂၅၀၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃မြို့နယ်တို့၌ ၂၃၁၀၈ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်တို့၌ ၃၆၂၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်အတွင်း၌ ၄၈၉၀၃ ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့၌ ၁၆၂၅ ဦး တို့ကိုတပ်မတော်ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# ယခုနှစ် ရော်ဘာပြားများ ယခင်နှစ်ကထက် ဈေးနှုန်းပိုရရှိ

**သုဝဏ္ဏဝတီ အောက်တိုဘာ ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် ရော်ဘာရာသီ စတင်ချိန်တွင် ဈေးနှုန်းကောင်းမွန်စွာ ရရှိသောကြောင့် ရော်ဘာပြားများအား မှိုင်းမခံတော့ဘဲ အဝယ်ဒိုင်များဆီသို့ နေလှန်းပြားများအဖြစ်သာ ရောင်းဝယ်နေကြကြောင်း သိရသည် ။

"မနှစ်ကထက်တော့ ဈေးပိုတော့ရပါတယ်။ အခုချိန်က ခြံထဲက ထွက်သလောက် တစ်ပတ်၊ ဆယ်ရက် တစ်ခါစုပြီး ရောင်းပါတယ်။ မှိုင်းမတင်တော့ဘူး။ မှိုင်းဈေးနဲ့ နေလှန်းဈေးက သိပ်မကွာတဲ့အပြင် မှိုင်းတင်ရင်လဲ အလုပ်ပိုများပါတယ်။ ခြံအစေးခြစ်သမားတွေရဲ့ လစာကကြိုပေးထားရတာကြောင့် ရောင်းရပါတယ်။ ခြံတစ်ကွက် အပင် ၃၀၀ ခန့်ကို အစေးခြစ်ခ ကိုးသောင်းခွဲကျပ် ပေးရပါတယ်။ လူလေးဦး ခြစ်ပါတယ်။ တစ်လကို အလုပ်သမားခ လေးသိန်းကျပ်နီးနီး ပေးရတဲ့အတွက် အလုပ်သမားခ အလျှင်မီအောင်လည်း ပေးရပါတယ်။ ဒီဈေးနှုန်းထက် မကျရင်တော့ မိသားစုအတွက်တော့ အဆင်ပြေပါတယ်" ဟု ဝင်းပကျေးရွာမှ တစ်နိုင်တစ်ပိုင် ရော်ဘာခြံပိုင်ရှင်ဖြစ်သူဒေါ်မီးငယ်က ပြောသည်။

ရော်ဘာစဝယ်တဲ့ တော်သလင်းလကွယ်နေ့က ကတည်းက နေလှန်းပြားတွေပဲ ဝယ်ရပါတယ်။ တစ်နေ့ကို ပေါင်တစ်သောင်းခွဲကနေ ပေါင်နှစ်သောင်းအထိ ဝယ်ရတယ်။ ဈေးနှုန်းအပြောင်းအလဲကိုနေ့စဉ် ဆိုင်းဘုတ်မှာ ရေးထားပေးပါတယ်။ မှိုင်း ၁၀၇၀ ကျပ်၊ နေလွတ် ငွေကျပ် ၁၀၆၀၊ နေလှန်းငွေကျပ်၉၇၀ ပါ၊ ဒီနှစ်က ရာသီအစ ဆိုင်ဖွင့်ကတည်းက ရောင်းတဲ့သူများပါတယ်"ဟု သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ရွှေလက်ဆောင် ရော်ဘာရောင်းဝယ်ရေး ဆိုင်မှ ဆိုင်ရှင်ဖြစ်သူ ဒေါ်ထားရွှေက ပြောသည် ။

ယမန်နှစ်က ရော်ဘာတစ်ပေါင် ရှစ်ရာကျပ်ခန့်ဖြင့် ဈေးဖွင့်ခဲ့ပြီး ယခုနှစ်မှာ ငွေကျပ်တစ်ထောင် ဈေးနှုန်းရှိသော်လည်း ရော်ဘာဈေးနှုန်းများသည် ကာလဒေသအလိုက် ဈေးနှုန်းများ မတူညီ၊ မတည်ငြိမ်မှုကြောင့် ဒေသအတွင်းရှိ ရော်ဘာလုပ်ကိုင်နေကြသူများသည် ရော်ဘာဈေးနှုန်းများ တည်ငြိမ်မှုရှိရန် ဆန္ဒရှိနေကြောင်းနှင့် သက်ဆိုင်ရာမှလည်း ဈေးနှုန်းတည်ငြိမ်မှုရှိအောင် ထိန်းညှိပေးရန်လိုအပ်နေကြောင်း သိရသည်။

ခွန်(ဝင်းပ)



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၁၀-၂၀၂၁ စနေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | Weekly Sports Info |
| ၀၉:၃၅ | ခေတ်အလိုက်ကြေးမုံပြင် 'မြန်မာ့ပန်းချီပြခန်း' (အပိုင်း-၁) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ(သုတစံပြမောင်၊ မယ်ဆု)(ပွဲစဉ်-၃) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၂၀ | ရောင်စုံတေးဥယျာဉ် 'တေးသံရှင်ဇော်ဝင်းထွဋ် အလွမ်းပြေ အမှတ်တရတေးများ' |
| ၁၆:၃၅ | ပုံပြင်ကမ္ဘာအစီအစဉ် 'စွမ်းအားကိုယ်စီရှိကြသည်' |
| ၁၇:၀၅ | ရှုလေမြင်လေကမ္ဘာမြေ |
| ၁၇:၂၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇:၄၀ | MRTV Travelogue |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သုတဝေဖြာသိရိဂေဟာ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ရှုံ့ရှုံ့ချက်' (အပိုင်း-၂၇) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | 'မြသစ်အငြိမ့်' |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Great Shwedagon - Historic And Mysterious Places |
| 07:56 | Myanma Toddy Palm, A Source of Rural Income |
| 08:01 | Weekly Review |
| 08:16 | Myanmar Masterclass: Artist Khin Maung Zaw |
| 08:25 | A Visit To Ye's Coastal Area |
| 08:41 | Kyaikhteeyoe: My Father The Porter |
| 08:48 | Kayah Style |
| 09:00 | Myanmar Family Life: Respect, Empathy & Compassion |
| 09:11 | Irrawaddy Dolphin (Part-1) |
| 09:26 | Moe Ne' Keeps Its Tradition Alive |
| 09:51 | Chaung Tha Souvenir Business |
| 10:06 | Secret Recipes by Gourmet Chefs (India) |
| 10:37 | Htan Taw Drums (Part-II) "Dobat" |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ(အပိုင်း-၂)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တိမ်တိုက်ကြားကဘောဂလီမြို့

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သွေးချင်းတို့ရဲ့ဆုံဆည်းရာ(အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
သူတို့ယုံကြည်ရာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
စပျစ်ပင်စိုက်ပျိုးနည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ပဲရင်းထောင်းနှင့်နွားနောက်သားခြောက်

**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
အတောင်(၄၀၀)ပြည့်ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား

**ရခိုင် (၁၄:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၆)

**ရှမ်း (၁၅:၀၀ မှ ၁၉:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၂:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၃) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel တို့ နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel တို့ စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ရွှေမြန်မာအငြိမ့် အစီအစဉ် MRTV မှ အောက်တိုဘာ ၁၆ ရက် ပြသမည်




နေပြည်တော် အောက်တိုဘာ ၈

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း အများပြည်သူများ စိတ်အပန်းပြေစေရန်နှင့် ကျန်းမာရေးဗဟုသုတများ ရရှိနိုင်စေရန်ရည်ရွယ်၍ "ရွှေမြန်မာအငြိမ့်" အစီအစဉ်ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့် ပြသနိုင်ရန် ဆောင်ရွက်ခဲ့သည်။

"ရွှေမြန်မာအငြိမ့်" အစီအစဉ်တွင် ရှေ့ထွက်မင်းသမီး မာလာမြင့်အောင်၊ ခေါင်းဆောင်မင်းသမီး ဇာနည်အောင်၊ လူရွှင်တော် အာဗြဲ၊ ရောင်နီ၊ ဝမ်းတူး၊ လမုန့်တို့ပါဝင်ကြပြီး တေးသီချင်းများကို စာရေးဆရာ ချစ်စုအောင်၊ ရွှာစား အောင်ဝမ်းတူးတို့က ရေးဖွဲ့သီကုံးပေးကြပြီး အနုပညာဦးစီးဌာန မြန်မာ့ဆိုင်းပညာရှင် ရွှာစား နိုင်လင်းဗိုလ်နှင့် အဖွဲ့တို့က မြန်မာ့ဂီတရသများကို ပြည့်ဝစွာ ပံ့ပိုးဖြည့်ဆည်းပေးသွားပါမည်။

"ရွှေမြန်မာအငြိမ့်"အဖွဲ့အစီအစဉ်ကို အောက်တိုဘာ ၁၆ ရက် ည ၉ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

နေပြည်တော် အောက်တိုဘာ ၈

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈ - ၁၀ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၀၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၂၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၄၂၀/၁၄၅၀ ကျပ် | ၁၄၇၀/၁၅၁၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၄၂၅/၁၄၆၀ ကျပ် | ၁၄၈၅/၁၅၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၄၂၅/၁၄၅၅ ကျပ် | ၁၅၀၀/၁၅၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၄၅/၁၄၉၅ ကျပ် | ၁၅၈၀/၁၆၀၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၉၇၃ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၈၀ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၅၃ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၈ . ၂၈၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၇၆၂ . ၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၀၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၆ . ၁၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၃၀၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၅၁၉ | ၁၃၃၆၇၂၀၀ |
| MTSH | ၃၂၀၀ | ၃၂၀၀ | ၅၅၆၅ | ၁၇၈၀၈၀၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၂၀၅၀၀ | ၂၀၅၀၀ | ၂၀ | ၄၁၀၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၅ | ၁၄၈၅၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၁ | ၉၁၄၅၀ |
| AHP | ၄၉၀၀ | ၅၀၀၀ | ၁၁ | ၅၄၉၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူ ရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ အောက်တိုဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် (၃ ဒသမ ၇၉၈) သန်း** ဖြစ်သည်။ ယနေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါ အတိုင်းဖြစ်သည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၄၆,၀၇၂,၆၁၀,၅၀၃.၉၁ |
| (+) ၄–၁၀–၂၀၂၁ မှ ၈–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၃,၇၉၈,၁၃၈.၆၂ |
| ၈–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၄၆,၀၇၆,၄၀၈,၆၄၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၄၃,၇၆၂,၃၄၉.၅၃ |
| (+) ၄–၁၀–၂၀၂၁ မှ ၈–၁၀–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| (–) ၇–၁၀–၂၀၂၁ ရက်နေ့ တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီသို့ ပေးချေငွေ | ၂၆,၆၀၀,၀၀၀.၀၀ |
| ၈–၁၀–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇,၁၆၂,၃၄၉.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) OA–013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၄–၁၀–၂၀၂၁ ရက်နေ့မှ ၈–၁၀–၂၀၂၁ ရက်နေ့ထိ)**

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၅-၁၀-၂၀၂၁ | ၂,၈၉၈,၁၃၈.၆၂ |
| ၁ | ဦးဝမ်းစိန် (ကျိုက်ထိုမြို့) | ၃၀၀,၀၀၀.၀၀ |
| ၂ | ဒေါ်စိမ်းမြင့် (တောင်ဒဂုံမြို့နယ်) | ၁၀၀,၀၀၀.၀၀ |
| ၃ | ဦးလှယုံ (မန္တလေးမြို့) | ၅၀၀,၀၀၀.၀၀ |
| ၄ | ဒေါ်သန်းစိန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀.၀၀ |
| ၅ | ဦးလှအောင်+ဒေါ်တင်ဦး သမီး-ဒေါ်မမလေး မိသားစု (မန္တလေးမြို့) | ၃၀၀,၀၀၀.၀၀ |
| ၆ | မင်းမင်းဖြိုး (တမူးမြို့) | ၁၀,၀၀၀.၀၀ |
| ၇ | ကိုသက်နိုင်ထွန်း+မအေးအေးသင်း (သဃ်န်းကျွန်းမြို့နယ်) | ၂၀,၀၀၀.၀၀ |
| ၈ | နေညီညီလွင် (မကွေးမြို့) | ၁,၀၀၀.၀၀ |
| ၉ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၃၀.၀၀ |
| ၁၀ | ဒေါ်သက်ထားနိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀.၀၀ |
| ၁၁ | ဒေါ်အေးအေးကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀.၀၀ |
| ၁၂ | စုစု (ရန်ကင်းမြို့နယ်) | ၁၃,၀၀၀.၀၀ |
| ၁၃ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀.၀၀ |
| ၁၄ | ကိုကျော်ဇင်လတ် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၁၅ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀.၀၀ |
| ၁၆ | စုမိုးနှင်းနွယ် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၁၇ | စုစန္ဒာနွယ် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၁၈ | ဒေါ်ခင်မြင့် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၁၉ | မကေ (မန္တလေးမြို့) | ၃,၀၀၀.၀၀ |
| ၂၀ | ဦးတင်သိန်း (တောင်ဒဂုံမြို့နယ်) | ၁၀,၀၀၀.၀၀ |
| ၂၁ | ဦးသိန်းထွေး (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀.၀၀ |
| ၂၂ | ဒေါ်ခင်စိန် (မင်္ဂလာဒုံမြို့နယ်) | ၃၀,၀၀၀.၀၀ |
| ၂၃ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀.၀၀ |
| ၂၄ | ဦးတင်ဦးလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀.၀၀ |
| ၂၅ | ကိုမျိုး (တောင်ငူမြို့) | ၁,၀၀၀.၀၀ |
| ၂၆ | ဦးလင်းမင်းကို (တောင်တွင်းကြီးမြို့) | ၁၀,၀၀၀.၀၀ |
| ၂၇ | ရဲမြင့်သူ (လှိုင်မြို့နယ်) | ၁၃,၀၀၀.၀၀ |
| ၂၈ | ဦးကျော်သစ်ထွန်း (မင်္ဂလာဒုံမြို့နယ်) | ၂၅,၀၀၀.၀၀ |
| ၂၉ | ဒေါ်ယဉ်သူအောင် (ရန်ကုန်မြို့) | ၁,၀၀၀.၀၀ |
| ၃၀ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၄၀,၀၀၀.၀၀ |
| ၃၁ | ချန်ထွန်းအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၁,၂၉၇.၉၆ |
| ၃၂ | CHANDAKARN NIMMANNORATHEP (Bangkok) | ၅,၀၀၀.၀၀ |
| ၃၃ | (အမည်လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၈၁၀.၆၆ |
| | ၆-၁၀-၂၀၂၁ | ၄၀၀,၀၀၀.၀၀ |
| ၁ | (ဦးမောင်မောင်)၊ ဒေါ်မြရှင် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀.၀၀ |
| ၂ | ဦးသာငွေး+ ဒေါ်နုနုထွေး မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀.၀၀ |
| | ၈-၁၀-၂၀၂၁ | ၅၀၀,၀၀၀.၀၀ |
| ၁ | ဒေါ်စိမ်းမြဦး (ရန်ကုန်မြို့) | ၅၀၀,၀၀၀.၀၀ |
| | (၄-၁၀-၂၀၂၁ ရက်နေ့မှ ၈-၁၀-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၃,၇၉၈,၁၃၈.၆၂ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်း ဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၈- ၁၀ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၅၀၂၁၇၃၄ | ၃၄၄၇၉၁၃၁ | ၇၃၀၂၁၀ |
| ၂။ | အိန္ဒိယ | ၃၃၉၁၅၅၆၉ | ၃၃၂၂၅၂၂၁ | ၄၅၀၁၆၀ |
| ၃။ | ဘရာဇီး | ၂၁၅၃၂၅၅၈ | ၂၀၅၅၄၉၃၆ | ၅၉၉၈၆၅ |
| ၄။ | ဗြိတိန် | ၈၀၄၆၃၉၀ | ၆၅၆၀၆၈၃ | ၁၃၇၄၁၇ |
| ၅။ | ရုရှား | ၇၇၁၇၃၅၆ | ၆၈၁၉၇၉၆ | ၂၁၄၄၈၅ |
| ၆။ | တူရကီ | ၇၃၅၇၃၃၆ | ၆၈၁၅၃၂၀ | ၆၅၅၉၀ |
| ၇။ | ပြင်သစ် | ၇၀၄၃၃၁၆ | ၆၈၃၂၅၂၈ | ၁၁၆၉၉၁ |
| ၈။ | အီရန် | ၅၆၈၃၉၈၀ | ၅၁၈၆၀၉၆ | ၁၂၂၁၉၇ |
| ၉။ | အာဂျင်တီးနား | ၅၂၆၄၃၀၅ | ၅၁၂၈၆၃၄ | ၁၁၅၄၁၆ |
| ၁၀။ | စပိန် | ၄၉၇၁၃၁၀ | ၄၇၉၇၅၀၃ | ၈၆၇၀၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၈– ၁၀ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၂၅၈၇၁ | ၄၀၅၇၇၆၀ | ၁၄၂၅၆၀ |
| ဖိလစ်ပိုင် | ၂၆၄၃၄၉၄ | ၂၄၈၆၀၅၉ | ၃၉၂၃၂ |
| မလေးရှား | ၂၃၁၃၇၂၇ | ၂၁၅၇၅၆၅ | ၂၇၁၁၃ |
| ထိုင်း | ၁၆၈၉၄၃၇ | ၁၅၆၁၇၉၀ | ၁၇၅၃၄ |
| ဗီယက်နမ် | ၈၂၆၈၃၇ | ၇၅၈၄၈၈ | ၂၀၂၂၃ |
| မြန်မာ | ၄၇၅၈၈၅ | ၄၂၉၁၈၀ | ၁၈၀၆၈ |
| စင်ကာပူ | ၁၁၆၈၆၄ | ၉၂၅၅၅ | ၁၃၆ |
| ကမ္ဘောဒီးယား | ၁၁၄၃၅၁ | ၁၀၆၈၃၉ | ၂၄၅၉ |
| လာအို | ၂၇၆၀၇ | ၂၁၄၉၉ | ၂၄ |
| ဘရူနိုင်း | ၈၄၆၄ | ၆၁၇၇ | ၆၂ |

# ၂၀၂၁ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

| | |
|---|---|
| ၃၅ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာကွန်ထရိုလာနှင့် ဆိုလာ အင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၃၆ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှ ပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက်အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန်စနစ်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန်မဟုတ်သည့် တင်သွင်းလာ သော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| **ကာကွယ်ရေးဆိုင်ရာကုန်စည်များ** | |
| ၃၇ | နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော်အဖွဲ့အစည်းများ သုံး လက်နက်ကိရိယာများ၊ ယာဉ်ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့်အပိုပစ္စည်းများ၊ နယ်ဘက်ဌာနသုံး ယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ (ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)၊ ကာကွယ်ရေး ဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးမှန်းခြေငွေစာရင်းပါ အသုံးစရိတ် မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများ စားသုံးရန် ဝယ်ယူသည့်ကုန်စည်များ။ |
| **ကျောက်မျက်ရတနာနှင့်တွင်းထွက်ကုန်စည်များ** | |
| ၃၈ | ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ပြည်ထောင်စု အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲ များတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၃၉ | ရေနံချေး။ |
| **အထွေထွေကုန်စည်များ** | |
| ၄၀ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာ တွင် ရောင်းချသည့်ပစ္စည်းများ။ |
| ၄၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံး သော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့်ကုန်စည်များ။ |
| ၄၂ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း ပြည်ပမှ ဝယ်ယူသည့် ကုန်စည်များ။ |
| ၄၃ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၄၄ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘော တူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခွန် ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၄၅ | အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်း လာသော ကုန်စည်များ။ |

( ခ ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသည့် ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေ အပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ဂ ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသောကုန်စည်နှင့် ကုန်သွယ်မှု ဆောင်ရွက် ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များအပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် –

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါ ဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ–

| စဉ် | ဝန်ဆောင်မှုအမျိုးအမည် |
|---|---|
| **နိုင်ငံခြားရေးကဏ္ဍ** | |
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပြု၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမူ ကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးများ၊ ယင်းတို့၏ အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်း များက ရယူသည့် အပြန်အလှန်အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂ | ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်း မှရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကာကွယ်ရေးကဏ္ဍ** | |
| ၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| **သာသနာရေးနှင့်ယဉ်ကျေးမှုကဏ္ဍ** | |
| ၄ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ** | |
| ၅ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည်သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင် ရေးမှအပဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | ပြည်တွင်း သို့မဟုတ် ပြည်ပခရီးစဉ်များတွင် ခရီးသည်များကို အဖိုးအခ တစ်ရပ်ရပ် ရယူ၍ လေယာဉ်ဖြင့်ပို့ဆောင်သော ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | အစိုးရက ဆောင်ရွက်သည့် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း။ |
| **ပညာရေးနှင့်ပြန်ကြားရေးကဏ္ဍ** | |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၃ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာထုတ်ဝေရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **ကျန်းမာရေးကဏ္ဍ** | |
| ၁၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| **စီမံကိန်းနှင့်ဘဏ္ဍာရေးကဏ္ဍ** | |
| ၁၈ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၀ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၃ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| **လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကဏ္ဍ** | |
| ၂၄ | ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၅ | နာရေးဝန်ဆောင်မှုလုပ်ငန်း။ |

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

| | |
|---|---|
| ၂၆ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| **စက်မှုနှင့် လျှပ်စစ်ကဏ္ဍ** | |
| ၂၇ | ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၈ | စက်မှုလယ်ယာ ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၉ | မဟာဓာတ်အားလိုင်းနှင့် ဆက်သွယ်ခြင်းမရှိသေးသော ဒေသများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ဆောင်ရွက်ပေး နေသော ပုဂ္ဂလိကအသေးစားလျှပ်စစ်ဓာတ်အား ဝန်ဆောင်မှုလုပ်ငန်းများ။ |
| **အထွေထွေကဏ္ဍ** | |
| ၃၀ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန် အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၃၁ | နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၂ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ရယူသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာန စသည့်အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ ဝန်ဆောင်မှုရယူခြင်းမပါ)။ |

( င ) ပုဒ်မခွဲ (ဃ) ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ဆောင်ရွက်သည့် အခြား ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါး ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( စ ) မည်သူမဆို နိုင်ငံပိုင်မြေအား နှစ်ရှည်ငှားရမ်း၍ဖြစ်စေ၊ နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်း၍ဖြစ်စေ၊ ပုဂ္ဂလိကပိုင်မြေတွင်ဖြစ်စေ၊ မြေပိုင်ရှင်နှင့် အကျိုးတူပူးပေါင်း၍ဖြစ်စေ အခြေခံအဆောက်အအုံအား တည်ဆောက်ပြုပြင်ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ဆ) ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ဇ ) ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှ တင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။

( ဈ ) အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Drawback) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များကို သတ်မှတ်ကာလအတွင်း ပြန်လည်တင်ပို့ခြင်းမပြုဘဲ ပြည်တွင်းသုံးစွဲခြင်းဖြစ်ပါက မူလကင်းလွတ်ခွင့်ပြုခဲ့သော ကုန်သွယ်လုပ်ငန်းခွန်ကို ပြန်လည်ပေးဆောင်ရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြုနိုင်သည်။

( ခ ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ် ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန် ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခများ ကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံးတန်ဖိုးသတ်မှတ်ချက် (De-minimis Value Threshold)။

ရှင်းလင်းချက်။ (၁) နှစ်တစ်နှစ်အတွင်း ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ ဆိုရာတွင် လုပ်ငန်းစတင်သည့်လ အပါအဝင် တစ်ဆက်တည်းဖြစ်သည့် နောင်လာမည့် ၁၂ လ အတွင်း ရရှိမည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကိုဆိုသည်။

(၂) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ စည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ရငွေရှိမည့်သူ သို့မဟုတ် ကုန်သွယ်လုပ်ငန်းခွန်ခုနှိမ်ခွင့် ခံစားလိုသူ မည်သူမဆို မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရမည်။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါ နိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၁၇။(က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုည ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်းများနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန် အောက်လျော့နည်းနေပါက ပြန်အမ်းငွေတောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန် အလို့ငှာ ပြည်တွင်း၌ ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့်ကုန်စည်များနှင့် မသက်ဆိုင်စေရ။

( ဂ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ၊ ဝန်ဆောင်မှုရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင် ဖော်ပြပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၇)
## ဝင်ငွေခွန်

၁၉။(က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန် စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးရမည်။

( ခ ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက်ရရှိသူဖြစ်လျှင် ရရှိသည့် လစာဝင်ငွေ စုစုပေါင်းအပေါ်တွင် ဝင်ငွေခွန်ထမ်းဆောင်ရမည်။

( ဂ ) Coronavirus Disease 2019 (COVID-19) ကပ်ရောဂါကြောင့် နှောင့်နှေးလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်တိုးတက်မှုရှိလာစေရေး အားပေးမြှင့်တင်ရန်အလို့ငှာ လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်း အထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ပြီးနောက် ကျန်ဝင်ငွေအပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် အခွန်နှုန်းများကို အောက်ပါအတိုင်း သတ်မှတ်သည် -

| စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၃၀,၀၀၀,၀၀၁ | ၅၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၅၀,၀၀၀,၀၀၁ | ၇၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၇၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

*(ဆက်လက်ဖော်ပြပါမည်)*

# ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၉
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၄၀။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၇)နှင့် (၁၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ် ဆောင်ရွက်စေနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့တင်ပြသော ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လအတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့် စပ်လျဉ်း၍ အမှန်စာရင်းများတွင် လည်းကောင်း ထည့်သွင်း ဖော်ပြရမည်။

၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ ခြောက်လကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါ အရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

*(နောက်ဆက်တွဲများ)*

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ - အခြားသာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ထောက်ပံ့ငွေရငွေ | ရငွေများ - ငွေလုံးငွေရင်းရငွေ | ရငွေများ - ပြည်ပအကူအညီရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | ရငွေများ - စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | နိုင်ငံတော်ဝန်ကြီးချုပ် သို့မဟုတ် နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | | | | |
| ၃ | ပြည်ထောင်စုလွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၃၆၀ | | | | | | | | | ၀.၃၆၀ |
| ၄ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၄၂၅ | | | | | | | | | ၀.၄၂၅ |
| ၅ | အမျိုးသားလွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၃၀၀ | | | | | | | | | ၀.၃၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၁.၃၀၀ | | | | | | | | | ၁၀၁.၃၀၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | | | | ၀.၀၃၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | | | | ၀.၂၀၀ |
| ၉ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၄၂.၇၅၁ | | | | | | | | | ၄၂.၇၅၁ |
| ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၉.၄၁၄ | | | | | | | | | ၄၉.၄၁၄ |
| | ပေါင်း | | | | ၁၉၄.၇၈၀ | | | | | | | | | ၁၉၄.၇၈၀ |

စာမျက်နှာ ၁၉ သို့

*စာမျက်နှာ ၁၈ မှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅,၁၈၂.၄၂၂ | | | ၃၂၀.၀၃၉ | | | | | ၅,၅၀၃.၄၆၁ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | နိုင်ငံတော်ဝန်ကြီးချုပ် သို့မဟုတ် နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၁၄.၄၈၄ | | | ၃၅.၉၄၀ | | | | | ၉၅၀.၄၂၄ |
| ၃ | ပြည်ထောင်စုလွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၆၉.၄၂၃ | ၁၀.၀၀၀ | | ၁၁.၉၀၀ | | | | | ၅၉၀.၃၂၃ |
| ၄ | ပြည်သူ့လွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၂၂၅.၃၂၉ | | | ၁၆.၆၆၀ | | | | | ၁,၂၄၁.၉၈၉ |
| ၅ | အမျိုးသားလွှတ်တော် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၁၅.၆၁၂ | | | ၃၄.၁၈၀ | | | | | ၉၄၉.၇၉၂ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀,၃၇၆.၈၇၀ | | | ၈,၉၀၁.၈၁၁ | | | | | ၁၉,၂၇၈.၆၈၁ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄၂၃.၁၃၉ | | | ၅၅.၄၆၅ | | | | | ၄၇၈.၆၀၄ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၄,၉၆၆.၀၀၂ | | | ၁,၂၈၃.၈၄၁ | | | | | ၆,၂၄၉.၈၄၃ |
| ၉ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၁,၈၇၁.၆၇၄ | ၁၀.၅၂၆ | | ၆၂၉.၅၆၁ | | | | | ၂,၅၁၁.၇၆၁ |
| ၁၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄,၈၇၆.၅၄၄ | | | ၄,၄၃၀.၁၄၁ | | | | | ၉,၃၀၆.၆၈၅ |
| | ပေါင်း | | ၃၁,၄၃၁.၄၉၉ | ၂၀.၅၂၆ | | ၁၅,၇၂၀.၅၃၈ | | | | | ၄၇,၁၇၂.၅၆၃ |

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်အကောက် | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၆၁၇,၁၇၃.၉၄၁ | | | | | | | | | | | ၁,၆၁၇,၁၇၃.၉၄၁ |
| | ၁ | ယစ်မျိုးခွန် | | ၆၈၅.၅၁၇ | | | | | | | | | | | ၆၈၅.၅၁၇ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၆၈၅,၈၃၁.၅၈၇ | | | | | | | | | | | ၆၈၅,၈၃၁.၅၈၇ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ကြေး၊ပါမစ်ကြေးများ | | ၁,၁၁၃.၃၆၅ | | | | | | | | | | | ၁,၁၁၃.၃၆၅ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | | ၆၃,၀၀၇.၉၁၉ | | | | | | | | | | | ၆၃,၀၀၇.၉၁၉ |
| | ၅ | မော်တော်ယာဉ်၊ယာဉ်မောင်းလိုင်စင်၊လုပ်ငန်း လိုင်စင်ဆိုင်ရာအခငွေများ | | ၈၅,၉၇၀.၈၄၅ | | | | | | | | | | | ၈၅,၉၇၀.၈၄၅ |
| | ၆ | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန် | | ၂၈,၅၄၃.၂၆၃ | | | | | | | | | | | ၂၈,၅၄၃.၂၆၃ |
| | ၇ | ခရီးလှည့်လည်ရေးလိုင်စင်/ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်/ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက်လိုင်စင်ကြေး | | ၄၇၈.၅၇၉ | | | | | | | | | | | ၄၇၈.၅၇၉ |
| | ၈ | အထူးကုန်စည်ခွန် | | ၇၄၇,၂၅၁.၆၈၆ | | | | | | | | | | | ၇၄၇,၂၅၁.၆၈၆ |
| | ၉ | ရတနာခွန် | | ၄,၂၉၁.၁၆၀ | | | | | | | | | | | ၄,၂၉၁.၁၆၀ |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၉၇၁,၀၇၄.၃၈၅ | | | | | | | | | | | ၉၇၁,၀၇၄.၃၈၅ |
| | ၁ | ဝင်ငွေခွန် | | ၉၇၁,၀၇၄.၃၈၅ | | | | | | | | | | | ၉၇၁,၀၇၄.၃၈၅ |
| ၃ | | အကောက်ခွန် | ၎င်း | ၂၀၀,၀၀၀.၀၀၀ | | | | | | | | | | | ၂၀၀,၀၀၀.၀၀၀ |
| | ၁ | အကောက်ခွန် | | ၂၀၀,၀၀၀.၀၀၀ | | | | | | | | | | | ၂၀၀,၀၀၀.၀၀၀ |
| ၄ | | နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှု အပေါ်ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၂၈၆,၆၃၄.၇၆၀ | | | | | | | | | | | ၂၈၆,၆၃၄.၇၆၀ |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၀.၄၁၅ | | | | | | | | | | | ၀.၄၁၅ |
| | ၂ | ရေခွန် | | | | | | | | | | | | | |
| | ၃ | တာတမံခွန် | | | | | | | | | | | | | |
| | ၄ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်သစ်တောခွန် | | ၃,၁၀၉.၈၇၈ | | | | | | | | | | | ၃,၁၀၉.၈၇၈ |
| | ၅ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်(စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ) | | ၃၃.၈၇၀ | | | | | | | | | | | ၃၃.၈၇၀ |
| | ၆ | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ | | ၂,၆၀၀.၀၀၀ | | | | | | | | | | | ၂,၆၀၀.၀၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၈၁,၄၇၁.၃၀၄ | | | | | | | | | | | ၁၈၁,၄၇၁.၃၀၄ |
| | ၈ | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန် | | ၃၀,၀၀၀.၀၀၀ | | | | | | | | | | | ၃၀,၀၀၀.၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင် ခြင်းကြောင့်ကောက်ခံသည့်အခွန်အခ | | ၆၂,၆၆၇.၀၁၂ | | | | | | | | | | | ၆၂,၆၆၇.၀၁၂ |
| | ၁၀ | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ | | ၆,၁၀၂.၆၈၄ | | | | | | | | | | | ၆,၁၀၂.၆၈၄ |
| | ၁၁ | မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှကောက်ခံရရှိသည့်အခွန် | | ၆၄၉.၅၉၇ | | | | | | | | | | | ၆၄၉.၅၉၇ |

*(ဆက်လက်ဖော်ပြပါမည်)*

## အသိပေးနှိုးဆော်ချက်

နိုင်ငံတော်၏ အရေးပေါ်ကာလအတွင်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော နိုင်ငံရေးအစွန်းရောက်များ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH ၊ NUG နှင့် PDF အဖွဲ့များသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် နေ့စဉ်ဖောက်ခွဲဖျက်ဆီးမှုများနှင့် အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိပါသည်။

မကြာမီကာလတွင် သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလများသို့ ရောက်ရှိတော့မည်ဖြစ်ပြီး ယင်းကာလများကိုအကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်လေ့ရှိသဖြင့် အကြမ်းဖက်သမားများအနေဖြင့် ယင်းတို့ကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုများကို ပိုမိုကျူးလွန်လာနိုင်ပါသည်။

သို့ဖြစ်၍ မီးရှူးမီးပန်း၊ ဖြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ အသား၊ ငါးများနှင့် စားသောက်ကုန်များအား ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး၊ အရည်အသွေးနှင့် ဈေးနှုန်း မှန်ကန်စွာရရှိစေရေး အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိမြန်မာ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံး ဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီခုနစ်ခုမှ အိမ်သုံးဆေးဝါး ၁၀၅ မျိုးကို ရောင်းချပေးခဲ့သည်။



အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈)နေရာ၌လည်း ရက်၄၀ မြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချပေးနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ သိန်း ဖမ်းဆီးရမိ



ဇော်ဝင်း၊ ဇေယျာနှင့် မြတ်မိုးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၉ ရက် ည ၉ နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် ပုလဲ(၂)ရပ်ကွက် ငုဝါလမ်း အမှတ် (၁၉၉/ဘီ)ခြံဝင်းအတွင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ ခြံဝင်းအတွင်းရှိ ဂိုဒေါင်ရှေ့တွင်ရပ်ထားသည့် HINO ၁၂ ဘီးမော်တော်ယာဉ်ပေါ်တွင် ယာဉ်မောင်း ဇော်ဝင်း(၄၈ နှစ်)၊ ယာဉ်နောက်လိုက်များဖြစ်ကြသည့် ဇေယျာ (၄၃ နှစ်)နှင့် မြတ်မိုး (၄၃ နှစ်) တို့ကိုတွေ့ရှိရပြီး အဆိုပါယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် ၁၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ သိန်းနှင့်အတူ ယာဉ်မောင်း ဇော်ဝင်းထံမှ ငွေကျပ် သိန်း ၅၀ တို့ကိုပါ တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်မှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်သို့ သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့နယ်၌ ငွေကျပ် ၁၃၀၄ ဒသမ ၃ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီတွင် ဗန်းမော်မြို့ နမ့်ဖားရပ်ကွက်နေ ငြိမ်းဇော်ဦး၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဆုသက်ဝေအားတွေ့ရှိရပြီး နေအိမ်အိပ်ခန်းရှိ လက်ဆွဲအိတ်များအတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၅၉ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၇၄၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ စစ်ဆေးပေါ်ပေါက်ချက်အရ ပူးပေါင်းအဖွဲ့က မွန်းလွဲ ၁ နာရီတွင် ဗန်းမော်မြို့နယ် စင့်ကင်ကျေးရွာ(အထက်စု)နေ မအေးစုဝင်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ထွန်းထွန်းနိုင်(ခ) ပြားစိန်၊ မချိုဝင်းသိန်း (ခ) အိဖြူတို့ကိုတွေ့ရှိရပြီး နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၊ မချိုဝင်းသိန်း(ခ)အိဖြူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



ငြိမ်းဇော်ဦး၊ မဆုသက်ဝေ၊ မချိုဝင်းသိန်း(ခ)အိဖြူ၊ မအေးစုဝင်း၊ ထွန်းထွန်းနိုင် (ခ)ပြားစိန် တို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ၌ ရထားနှင့်ယာဉ်တိုက်မှုဖြစ်ပွား

**ကျိုက်ထို အောက်တိုဘာ ၈**

ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ ရန်ကုန်-မော်လမြိုင် ရထားလမ်း မိုင်တိုင်အမှတ် (၉၆/၁) နှင့် (၉၆/၂)အကြား၌ အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီခန့်က ရထားနှင့်ယာဉ် တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကော့ထင်းကျေးရွာအတွင်းမှ ကမ်းနီပိုင်းသို့ ယာဉ်မောင်း မမြသက်ငယ်(၄၁ နှစ်) ဘူတာလမ်း တောင်သူစုရပ်ကွက် ကျိုက်ထိုမြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် MON 7F / - - - - သည် ရထားလမ်းအား ဖြတ်မောင်းစဉ် မိုးသည်းထန်စွာရွာသွန်းပြီး ရထားလမ်းဘေးတွင် ချုံနွယ်ပင်များ ပိတ်ဆို့ပေါက်ရောက်နေသဖြင့် ရန်ကုန်မှ မော်လမြိုင်ဘက်သို့ ထွက်ခွာလာသော စက်ခေါင်း အမှတ် DF/1359 စက်ခေါင်းမောင်း ဦးဝင်းထွန်း မောင်းနှင်လာသည့် အမှတ်(၈၉) အဆန် ရန်ကုန်-မော်လမြိုင် အမြန်ရထားကို တွေ့မြင်ရခြင်းမရှိဘဲ ရထားမိုင်းခံတွဲနှင့်တိုက်မိ၍ မမြသက်ငယ်တွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သည်။

ယာဉ်တိုက်မှုနှင့် ပတ်သက်၍ မမြသက်ငယ်အား ကျိုက်ထိုမြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချရာတွင်သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ပူးပေါင်းစီစဉ်မှုဖြင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့် မှာယူတင်သွင်းခဲ့သည့် စက်သုံးဆီများကို စက်တင်ဘာ ၂၂ ရက်မှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် ၁၆၉ ဆိုင်တွင် 92Ron လီတာ (၁၂,၈၆၆,၂၇၀)၊ ဒီဇယ် (၇,၆၃၉,၄၇၁)လီတာနှင့် Premium ဒီဇယ် လီတာ (၁၂,၁၄၅,၇၆၀) တို့ ဖြန့်ဖြူးရောင်းချပေးထားပြီးဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် သတ်မှတ်ဈေးနှုန်းဖြင့် ရောင်းချပေးနေသည့် စက်သုံးဆီဆိုင်လိပ်စာများကို ကြေညာခဲ့ပြီးဖြစ်သည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ဖော်ပြပါဈေးနှုန်းများအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီ ဖုန်း ၀၉-၆၆၄၀၇၅၆၈၃၊ ၀၉-၆၆၄၅၉၆၃၂၇၊ ၀၉-၆၈၇၆၃၅၉၄၃၊ ၀၉-၆၇၆၃၂၀၈၂၆ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁-၂၅၀၂၇၀၊ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်း ဖုန်း ၀၉-၄၂၁၀၀၆၇၉၄ တို့ကို ဆက်သွယ်တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးရှိ အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | ဆိုင်အမည် | တစ်လီတာဈေးနှုန်း | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၁ | MOON Petrol Shop | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်၅၀၁/၅၁၂, သီတာလမ်း၊ ဆေးရိုးတန်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၂ | Terminal-202 | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်္ဂလာဒုံ |
| ၃ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| ၄ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ ပျဉ်းမပင်ရပ်ကွက်၊ ရန်ကုန်-ပြည်လမ်းမကြီး၊ ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅ | Petro K | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကျေးရွာကွင်းအမှတ် (၅၆၇/A က)ကင်မလင်းကွင်း အမှတ် ၄ လမ်း၊ မှော်ဘီမြို့နယ်။ |
| ၆ | Shwe Byain Phyu(Toontay) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | Toontay-Dala Road,Tahlataw Quarters, Toontay Tsp |
| ၇ | Moon Sun Energy | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၁၆၃/ ၁) ၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၈ | KZH ဆီဆိုင် | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်၁ (၆၀/၆၂)၊ဗညားဒလလမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန် |
| ၉ | KZH ဆီဆိုင် | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၁(၉၅၈/၉၅၉/၉၆၀)၊ 33 တိုးချဲ့ရပ်ကွက်၊ ငါးမာန်အောင်ဘုရားအနီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၀ | Farmer Fuel Station(DGSK) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့်၊ ကုလားဝဲတံတားအနီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်။ |
| ၁၁ | ထက်ကေရီ(အမှတ်-၂ လမ်းမကြီး) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၂ | သရဖူ (အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၃ | Yadanar Petrol Station (Dala) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒလ-တွံတေးကားလမ်း၊ စာပါချောင်ရပ်ကွက် ၊ ဒလမြို့၊ရန်ကုန်တိုင်းဒေသကြီး |
| ၁၄ | North Dagon | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် (၁၂၃၇/၁၂၃၈၊(၄၅)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း) |
| ၁၅ | ထက်ကေရီ (အမှတ် ၂)လမ်း | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂) လမ်းမကြီး၊ ရှမ်းတဲကြီးစံပြကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၆ | သရဖူ(အင်းစိန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဒညင်းကုန်းဘူတာစုရပ်ကွက်၊ ဒညင်းကုန်းဘူတာရုံလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇ | Petro-K Bahan | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ |
| ၁၈ | Petro-K Shan Su | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရှမ်းစုကျေးရွာ၊ပျဉ်းမပင်ရပ်ကွက်၊ရန်ကုန်-ပြည်လမ်းမကြီး၊ထောက်ကြံ့မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉ | Petro-K Hmaw Bi | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄)လမ်းမကြီး၊ မှော်ဘီမြို့နယ်၊ ယင်းတိုက်ပင်ကျေးရွာအုပ်စု၊ သဲဖြူကွင်းကျေးရွာကွင်းအမှတ်(၅၆၇/Aက)ကင်မလင်းကွင်း၊ အမှတ်(၄)လမ်း မှော်ဘီမြို့နယ်၊ |
| ၂၀ | SHU SAN PETROL STATION | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် ၁၊ ဆိပ်ကမ်းသာလမ်း၊ ရွှေပြည်သာစက်မှုဇုန် |
| ၂၁ | Puma Power | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်(၁၃)ရပ်ကွက်၊ ရတနာလမ်းနှင့် မင်္ဂလာလမ်းထောင့် ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |
| ၂၂ | MICA Power | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ် (၄၀၄)။ ခရေလမ်း၊ ဒညင်းကုန်းရပ်ကွက်၊ အင်းစိန် |
| ၂၃ | PT Power (သာကေတ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၃၅/ခ)၊ရှုခင်းသာလမ်း၊ ၁၀တောင်ရပ်ကွက်၊ သာကေတ |
| ၂၄ | PT Power (ရောဝဏ်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၆၂)ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ သာကေတ |
| ၂၅ | PT Power(မြယမုံ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်း |
| ၂၆ | PT Power (အမှတ် ၂ ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေကွက်အမှတ်၊(၁၄၃/၃)၊(၁၄၃/၂)၊ အမှတ်(၁၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ |
| ၂၇ | PT Power (ကျောက်တန်း) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၄၉၂/၆)၊မြိုင်သာယာရပ်ကွက်၊ ကျောက်တန်း |
| ၂၈ | PT Power(ကုလားဝဲ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ်(၇၁၀)၊ ဒဂုံ-သီလဝါ လမ်းမကြီးဘေး၊ ကုလားဝဲကျေးရွာ |
| ၂၉ | PT Power (ပုလဲ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရွှေနံ့သာကျေးရွာအုပ်စု၊ ပုလဲရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ် |
| ၃၀ | PT Power(မှော်ဘီ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သနေပင်ကျေးရွာအုပ်စု၊မှော်ဘီမြို့နယ် |
| ၃၁ | PT Power (အမြိန်လမ်း) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သာယာကုန်းကျေးရွာအုပ်စု၊ လှည်းကူး |
| ၃၂ | Yangon Petrol (သာကေတ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ရတနာလမ်းမပေါ်၊ တက်လမ်းအိမ်ရာအနီး၊ ၁၀တောင်ရပ်ကွက်၊ သာကေတ |
| ၃၃ | Yangon Petrol (ယုဇန) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး ၊ ၉၂ ရပ်ကွက်၊ ယုဇန |
| ၃၄ | Yangon Petrol (တောင်-မြောက်လမ်းဆုံ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မြေတိုင်းရပ်ကွက်အမှတ်-၂၇/၉၊ လူနေ/ရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာ၊ (တောင်/မြောက်လမ်းဆုံ) |
| ၃၅ | Yangon Petrol (ရောဝဏ်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | “ပဲခူးမြစ်လမ်း နှင့် ရောဝဏ်လမ်းမကြီးထောင့်၊ ရောဝဏ်လမ်းမကြီး၊၆၀ ရပ်ကွက်” |
| ၃၆ | Yangon Petrol (မင်းရဲကျော်စွာ) | ၁၁၂၂ | ၁၁၁၇ | ၁,၁၂၄ | မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီးလမ်းထောင့် ( YBS ကားဝင်း အနီး ) |
| ၃၇ | Yangon Petrol (သုဓမ္မာ) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ အဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက် |
| ၃၈ | Yangon Petrol (ဒလ) | ၁၁၂၂ | ၁၁၁၇ | ၁,၁၂၄ | အမှတ် ၁၄၂၄၊ ဒလ-တွံတေးလမ်းမကြီး၊ ဆာဖာချောင်ရပ်ကွက်၊ ဒလ |
| ၃၉ | Yangon Petrol (မောင်းမကန်) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | အမှတ် ၁/က၊မောင်းမကန်လမ်းမကြီး၊ ၁၇ ရပ်ကွက် |
| ၄၀ | MMHK (TW) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဘုရားကုန်း ကျေးရွာအုပ်စု၊ သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ်အနီး (တာ၀) |
| ၄၁ | NLYM (TP) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ၁၆၂ သိမ်ဖြူလမ်း (၉) ရပ်ကွက် ဗိုလ်တထောင်မြို့နယ် |
| ၄၂ | Mica Power | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | ဘုရင့်နောင်လမ်းနှင့် ပေကျင်းလမ်းထောင့် ၊ အနောက်ကြို့ကုန်း |
| ၄၃ | Super Myanmar | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | မင်းကြီးလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းထောင့် |
| ၄၄ | Shwe Star | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | “အမှတ်(၁၈၃)၊အမှတ်(၃)လမ်း၊ ပုလဲရပ်ကွက် ၊ မင်္ဂလာဒုံမြို့နယ်” |
| ၄၅ | Terminal(202) | ၁၁၂၂ | ၁၁၁၇ | ၁၁၂၄ | နံပါတ်(၃)၊ မိန်းလမ်း၊ မင်္ဂလာဒုံမြို့နယ် |

# ပုသိမ်မြို့နှင့် တောင်ငူမြို့တို့ရှိ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ယနေ့ မွန်းလွဲပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် အဆိုပါဆေးရုံသို့ Ayeyarwady Aid Association ပရဟိတအဖွဲ့မှ အောက်ဆီဂျင်အိုးငါးလုံးနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းရာ ဆေးရုံမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှုကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ယာပုံ)

သတင်းစဉ်





# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၈**

တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းတပ်နယ်နှင့် တုံတာတပ်နယ်များရှိ တပ်ရင်း/ တပ်ဖွဲ့များ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများသို့ သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှလွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အခြားဆက်စပ်ဌာနများနှင့် လိုအပ်သည်များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်၊ မြဝတီကုန်သွယ်ရေးစခန်းနှစ်ခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီနှစ်ခုမှ ယာဉ်စီးရေ နှစ်စီးဖြင့် အောက်ဆီဂျင် (အရည်) Bowser ယာဉ်တစ်စီးဖြင့် ၁၉ တန်**(အောက်ပုံ)**၊ အောက်ဆီဂျင် (အိုးခွံ) ၂၁၉၀ နှင့် အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၁၅၂ ခု တင်သွင်းခဲ့ပြီး အောက်ဆီဂျင် (အရည်) Bowser တစ်စီးမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်





# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၈ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၂၃၄ ဦး၊ အမျိုးသမီး ၁၄၅ ဦး စုစုပေါင်း ၃၇၉ ဦးနှင့် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၂၆၄ ဦး၊ အမျိုးသမီး ၂၁၉ ဦး စုစုပေါင်း ၄၈၃ ဦးတို့ကို အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/7088 ယာဉ်လက်ဝယ်ရှိသူ ဦးကလျာဏ ၉/ညဥန(နိုင်)၀၀၀၂၈၄ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8266 ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သန်း ၅/ကလ၀(နိုင်)၀၂၆၂၈၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမ ဦးစီးဌာန(၁၅)ခုတို့တွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေ (၂၀၂၀)စီမံကိန်းအတွက် အသုံးပြုမည့် Laptop Computer (၉၆) လုံးကို ဝယ်ယူရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၁-၁၀-၂၀၂၁ရက်မှ၁၀-၁၁-၂၀၂၁ရက်အထိ နံနက်၉:၃၀ နာရီမှညနေ ၄:၃၀ နာရီအတွင်း |
| တင်ဒါပုံစံရောင်းချမည့်နေရာ | - | ပြည်တွင်း/ပြည်ပဆက်ဆံရေးဌာနစု၊ သမဝါယမဦးစီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၀-၁၁-၂၀၂၁ရက် ညနေ ၄:၃၀ နာရီနောက်ဆုံးထား၍ သမဝါယမဦးစီးဌာန၊ ရုံးအမှတ် (၁၆)၊ နေပြည်တော်တွင် နောက်ဆုံးထားပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ရက် အချိန်ထက်ကျော်လွန်တင်သွင်းသောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၁၀၃၃၈ သို့ ဆက်သွယ်နိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**သမဝါယမဦးစီးဌာန**

## TEXON INTERNATIONAL (ASIA) LIMITED (MYANMAR BRANCH OFFICE)

**(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း)**

Texon International (Asia) Limited (Myanmar Branch Office) နောက်ဆုံးအစည်းအဝေးကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၃ရက် နံနက် ၁၁:၃၀ နာရီအချိန်တွင် Rangoun Business Center အမှတ် ၉၇ (အေ) အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

**ဦးထွန်းသန်း (LL.B)**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ အောက်တိုဘာ ၈ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီနှစ်ခုမှ Becozinc Capsule ၁၅၁၉၃၆ ခု၊ Atocor Tablet ၁၀၇၈၁၆ ခု၊ Cardioprill Tablet ၂၅၅၁ ခု၊ Osetron 4 Injection ၃၉၃၆ ခု၊ Reclide Tablet ၄၅၅၇၆ ခု။

ရန်ကုန်ဆိပ်ကမ်းများမှ Elastic Crepe Bandage အခု ၂၄၀၊ Orthopaedic Casting Tape အခု ၁၃၂၀ ၊ Bandage အခု ၇၈၉၀၊ Digital Thermometer အခု ၃၀၀၀ ၊ Ear Thermometer အခု ၂၀၊ Blood Pressure Monitor အခု ၅၀ ၊ Digital Weight Scale အခု ၅၀ ၊ Automatic Blood Pressure Monitor အခု ၂၀၀၊ Blood Line Set For Hemodialysis အခု ၁၂၉၆၀၊ Oxygen Cylinder အခု ၂၁၉၀၊ Oxygen Flow Meter အခု ၁၆၀၀ နှင့် ဆေးဝါးမျိုးစုံ ၇၆ မျိုး ၂၂၇၂၉၂.၀၈ Kg။

နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုတို့မှ Oxygen Concentrator ၁၅၂ ခု ၊ Liquid Oxygen ၁၄၆၉၂ $m^3$ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အောက်တိုဘာ ၈ ရက်က ကမာကဆစ်အလယ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။ (စက်တင်ဘာ ၁၆ ရက်မှ အောက်တိုဘာ ၇ ရက်အထိ Sinopharm (Phase2) ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ စုစုပေါင်း ၁၄၂၅၃ ဦးရှိကြောင်း သိရသည်)

နိုင်လင်းကျော်(ပြန်/ဆက်)

## ကျေးဇူးဆပ်ပါမည်

ဦးရန်နိုင် ၆/မမန(နိုင်)၁၁၇၉၀၅ ပိုင်ဆိုင်သည့် ရတနာအေး ၁(MD/0177/18) ငါးသယ်လှေ၏ ဂရန်နှင့် LSA မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၂၁၉၇၈၃**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကွန်တင် ၆/မအရ(နိုင်)၀၄၄၈၀၀၀၏ ပဲ့နင်းမှူးလက်မှတ် အမှတ် Permit No-0508118 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၃၃၃၀၁၆၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အထက (၇)မှ မအေးအေးဝင်း၏ဖခင် ဦးခိုင်ဇော်လတ်နှင့် ဦးနိုင် ၇/ပမန(နိုင်)၁၃၂၀၄၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးခိုင်ဇော်လတ်(ခ)ဦးနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၄၄၆၉၀ Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ New Drive Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၃၀၁ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ Thiri Tay Zar Min Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)**

**ရှမ်းပြည်နယ်တရားလွှတ်တော်**

**၂၀၂၁ ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ် -၄**

ဦးမျိုးကိုကိုထိုက် အယူခံတရားလို နှင့် ဦးခွန်စိုးမင်းပါ-၃ အယူခံတရားပြိုင်များ

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၅ ရက်စွဲပါ တောင်ကြီးခရိုင် တရားရုံးတော်မှ တရားမကြီးမှုအမှတ်-၂၀၀/၂၀၂၀ ကို အယူခံမှု။

၁။ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆ လ) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၁၀-၂၀၂၁ ရက် ၉:၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၉-၁၀-၂၀၂၁ ရက် ၁၆:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၉-၁၁-၂၀၂၁ ရက် ၁၀:၀၀ နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးမြို့ ဖုန်း-၀၆၅-၂၁၀၄၉၊ ၀၆၅-၂၁၃၆၀ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (ကတ္တရာ၊ ဘိလပ်မြေ၊ သံချောင်း)

၁။ လမ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ခရိုင်/အထူးအဖွဲ့များမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆ လ) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် (၈၀/၁၀၀)အမျိုးအစား ကတ္တရာနှင့် ဘိလပ်မြေ၊ သံချောင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၁၀-၂၀၂၁ ရက် ၉:၃၀ နာရီ
(ခ) **တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန်** - ၂၉-၁၀-၂၀၂၁ ရက် ၁၆:၃၀ နာရီ
(ဂ) **တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၁၂-၁၁-၂၀၂၁ ရက် ၁၀:၀၀ နာရီ တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မကွေးမြို့ ဖုန်း-၀၆၃-၂၀၂၃၀၁၈၊ ၀၆၃-၂၀၂၅၁၈၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ(၂)ရပ်ကွက်၊ ဇလပ်လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ် (၃၈၄)၊ အကျယ်အဝန်း (၁၀၀ x ၇၀) ရှိ အိမ်/ခြံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချသူ ဒေါ်အေးအေးကြူ ၁၂/ဒဂန(နိုင်)၀၀၈၅၇၂မှ တရားဝင်ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့် တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၇ ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကိုကိုထွေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၄၉၇)**
**မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း၊ ရှေ့နေများနားနေခန်း၊**
**ဖုန်း-၀၉-၄၂၀၃၁၆၁၇၆**

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၃၇၃) မိုးညှင်းခရိုင်တရားရုံးတော် ၂၀၂၁ ခုနှစ်၊ တရားမထွေထွေမှု အမှတ်-၄ ကွယ်လွန်သူ ဦးညိုဝင်း၌ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်ဘောမ်ခေါန် လျှောက်သူ

ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မမုံစံပြကျေးရွာ၊ ရပ်ကွက်(၁)၊ အမှတ် (မမ ၁/၃၃၀)နေ ဒေါ်ဘောမ်ခေါန်က ကွယ်လွန်သူ ဦးညိုဝင်း၏ ဇနီးဖြစ်သည်ဟူ၍ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ မမုံစံပြကျေးရွာ၊ ရပ်ကွက်(၁)၊ အမှတ်(မမ ၁/၃၃၀)နေ ၎င်းကွယ်လွန်သူ ဦးညိုဝင်းမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးညိုဝင်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၆ ရက် (၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်၆ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ဘောမ်ခေါန်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၁ ခုနှစ် အောက်တိုဘာ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်အေးအေးလင်း)**
**ခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆က/၅)၊ ဦးပိုင်အမှတ်(၈၃)၊ မြေဧရိယာ ၀ ဒသမ ၁၂၇ဧကရှိမြေကွက်အား မူလက ဒေါ်မရှီလုအမည်ဖြင့် ၇-၁၀-၂၀၁၃ရက်ထိ (၁၅)နှစ်ဂရန်ရရှိခဲ့ပြီး ၎င်းမှ ၃၀-၁၂-၂၀၁၉ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၀၅/၂၀၁၉)ဖြင့် ဦးရာဂျန်ပရာဆပ်ထံသို့ တရားဝင်ရောင်းချခဲ့ပါသည်။ ယခုအခါဦးရာဂျန်ပရာဆပ် ၁/မကန(နိုင်)၀၇၉၈၃၅မှ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့် ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၇/၁)၊ ဦးပိုင်အမှတ်(၈၀/၃)၊ မြေဧရိယာ ၀ ဒသမ ၀၉၅ဧကရှိမြေကွက်အား ဒေါ်ခင်မာသီအမည်ဖြင့် ၂၀၀၃-၂၀၀၄ခုနှစ်မှစ၍ မြေခွန်ပြေစာအမည်ပေါက်မြေကွက်ဖြစ်ပြီး ၎င်းမြေကွက်အား တူမ (၂)ဦး အမည်ဖြည့်စွက်ကာ ဒေါ်ခင်မာသီ၊ ဒေါ်လှမြတ်သွယ်၊ ဒေါ်လှမြချယ် (၃)ဦး အမည်တို့ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့မှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆ လ) ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာပုံစံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၈-၁၀-၂၀၂၁ ရက် ၉:၃၀ နာရီ
**တင်ဒါလျှောက်လွှာပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၂၉-၁၀-၂၀၂၁ ရက် ၁၆:၀၀ နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန်/နေရာ** - ၉-၁၁-၂၀၂၁ ရက် ၁၀:၀၀ နာရီ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၁)၊ မင်းဘူးမြို့ ရုံးဖုန်း-၀၉-၄၃၀၅၈၂၀၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းတွင်းဆက်သွယ်ရေးဝင်းနေ ဦးထက်ဝေယံစိုး (ဘ) ဦးကိုလေး ၉/အမဇ(နိုင်) ၀၆၅၅၁၉ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာလိုက်ပါသည်-

မှတ်ပုံတင်စာချုပ်အမှတ် (၁၂၀၇/၂၀၂၁)

အထက်ဖော်ပြပါ **ရွှေဇာမဏီတံဆိပ်** ခြင်နိုင်ဆေးခွေ ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ် အမှတ် (၁၂၀၇/၂၀၂၁)အရ ကျွန်ုပ်တို့၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီး ဖြစ်ပါသည်။ **ရွှေဇာမဏီတံဆိပ်** ခြင်နိုင်ဆေးခွေ ကုန်အမှတ်တံဆိပ်အား အသုံးပြုပြီး "အဆင့်မြင့် နန္ဒင်းတက်စစ်စစ်ခြင်ဆေးခွေ၊ ခြင်ဆေးတိုင်၊ ခြင်ဆေးဖြန်းအရည်ဘူးနှင့် ခြင်ဆေးအမျိုးမျိုး"တို့ကို ကျွန်ုပ်တို့၏ မိတ်ဆွေမှ ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ လူအများ အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အခြားတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများကသော်လည်းကောင်း အဆိုပါ **ရွှေဇာမဏီတံဆိပ်** ခြင်နိုင်ဆေးခွေ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တုပပြုလုပ်သုံးစွဲလုပ်ကိုင်ခြင်း မပြုကြရန်နှင့် သုံးစွဲလုပ်ကိုင်ဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာလင်း** | **ဒေါ်အေးစုမွန်** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၂၁)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၁၇၂)** |

**အကွက်(၁၈၉)၊ သီရိမာလာအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၅၈၀၁၆၊ ၀၉-၄၀၂၅၇၂၈၅၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ ၃၉လမ်းအထက်၊ တိုက်အမှတ်(၂၂၇-၂၃၁)၏ ၅ လွှာ၊ ညာ/ခေါင်းရင်းခန်းတိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်သူ Chan Mou Nwe ၁၂/လသန(ပြု)၀၀၀၃၅၁၊ Lam Htwe Ngot (ခ) မခင်ထွေး ၁၂/လသန(ပြု)၀၀၀၃၅၂ တို့ထံမှ တိုက်ခန်း၏ပိုင်ဆိုင်မှုအကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက တိုက်ခန်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးထွန်း(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၂၄၄၆)**
**ရုံး- အမှတ်(၂၄)၊ (၂)လမ်း၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၂၅၃၃၆၇၅၄၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၁၄)၊ ဦးပိုင်အမှတ်(၃၂၇/၂က)၊ မြေဧရိယာ ၀ ဒသမ ၂၆၂ဧကရှိ မြေကွက်ကို မူလကဒေါ်ဆိုင်းအောင်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၁၂-၆-၂၀၁၈ရက်တွင် ဒေါ်ဆိုင်းအောင်ထံမှ ဒေါ်ဇယ်နန်းကလည်းကောင်း၊ ဦးပိုင်(၃၂၇/၃ခ)၊ မြေဧရိယာ ၀ ဒသမ ၁၂၉ဧကရှိ မြေကွက်ကို ဒေါ်ရွှယ်ဘူအမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၂၆-၄-၂၀၁၀ရက်တွင် ဒေါ်ရွှယ်ဘူထံမှ ဦးကျော်ကျော်ဝင်းကလည်းကောင်း၊၈-၂-၂၀၁၉ရက်တွင်ဦးကျော်ကျော်ဝင်းထံမှ ဒေါ်ဇယ်နန်းကလည်းကောင်း နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးပိုင်(၃၂၇/၂က+၃၂၇/၃ခ)၊ မြေဧရိယာ ၀ ဒသမ ၃၉၁ဧကရှိ မြေကွက်အား ဒေါ်ဇယ်နန်း ၁/မကန(နိုင်)၀၅၈၇၅၇အမည် ဖြင့် စက်မှု၊ စီးပွားမြေငှားဂရန်အသစ်ရရှိရေးအတွက် ၂၅-၃-၂၀၂၁ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၆၉/ ၂၀၂၁) ကို ၅-၄-၂၀၂၁ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၆၅/၂၀၂၁)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားခြင်း နှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ စက်မှု၊ စီးပွားမြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆က/၃ခ)၊ ဦးပိုင်အမှတ်(၇၂)၊ မြေဧရိယာ ၀ ဒသမ ၁၀၅ဧကရှိ မြေကွက်အား မူလက ဦးဘူမိအမည်ဖြင့် ၃၀-၆-၂၀၂၂ရက်ထိ နှစ်(၃၀)ဂရန်ရရှိခဲ့ပါသည်။ ဦးဘူမိ(ဖခင်)နှင့် ဒေါ်ဆာဘီသရား (မိခင်)တို့ကွယ်လွန်၍ ၎င်းတို့၏ သားသမီး (၄)ဦးဖြစ်ကြသည့် ဒေါ်ဂီသား၊ ဦးသန်သို(စ်)(ခ)ဂဲနစ်၊ ဦးအော်စော(လ်)နှင့် ဦးရှိဆန်းတို့မှ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့မှ ၂၃-၈-၂၀၁၈ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၃/၂၀၁၈)ဖြင့် ဒေါ်သိန်းမြင့်ထံသို့ တရားဝင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်သိန်းမြင့် ၁/ဗမန(နိုင်) ၀၆၂၅၁၅မှ မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၁၆)၊ မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ပဥ္စမထပ်၊ (၅)လွှာ၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၂ ပေခွဲx ပေ ၅၀)ရှိ ရေမီးစုံတိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုင်းကျော်ဟိန်း ၁၃/ဆဆန(နိုင်)၀၃၀၆၅၅ နှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ထုဘူ ၁/မကန(နိုင်)၁၃၅၂၃၉ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံသည့်စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မျိုးထက်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၇၁၇၉)**
**ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဥ်-၅၁၇၆၉)**
**အမှတ်(၈၂)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ မလွကုန်းလမ်း၊ အမှတ်(၄၃)နေ ဒေါ်ဇင်မာဝေ ၁၂/တမန(နိုင်)၁၁၄၈၇၈ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ မြေတိုင်းလမ်း၊ အမှတ်(၁၁၆၇)၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၁၁၆၇)ဟု ခေါ်တွင်သော ဒေါ်စိန်သန်းအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်အနက်မှ ခြေရင်းဘက်ခြမ်း (၂၀ပေx ၆၀ ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးမိုးကျော်လွင် ၁၂/သလန(နိုင်)၀၈၃၀၀၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် ၃၀-၉-၂၀၂၁ ရက်စွဲပါ စရန်ပေးကတိစာချုပ်အရ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၇ ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမင်းသိန်းဇော် (စဥ်-၁၀၉၄၂)** | **ဒေါ်တင်ဇာကျော် (စဥ်-၁၆၂၀၉)** |
| **LL.B, D.B.L.** | **LL.B, D.B.L., DML.** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁)၊ စံပြ(၂)လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၆၅၈၁၃၂၇**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၆)၊ ဦးပိုင်အမှတ် (၁၈၉၉)၊ အကွက်အမှတ် (မောသီရိ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချသူ ဦးဂမ်ဆိုင်း (ဘ)ဦးခေါင်ဒေါင် ၁၃/လရန(နိုင်)၁၂၀၃၄၅ ၏ ဖခင် ဦးခေါင်ဒေါင်အမည်ပေါက် မြေစာရင်းပုံစံ (၁၀၅)ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယင်းအိမ်၊ မြေကွက်နှင့် ပတ်သက်၍ မိမိတစ်ဦးတည်းသာ ရောင်းပိုင်/ဝယ်ပိုင်ခွင့်ရှိပြီး တခြားအမွေဆိုင်မရှိကြောင်း ဦးဂမ်ဆိုင်းက ဝန်ခံပြောဆိုပြီး ဒေါ်ထန်ကွေထံသို့ ၅-၁၀-၂၀၂၁ ရက်တွင်ပင် လွှဲပြောင်းရောင်းချပြီးဖြစ်ပါသည်။ ဒေါ်ထန်ကွေမှ အထက်ပါ မြေကွက်ကို မိမိအမည်သို့ မြေစာရင်းပုံစံ (၁၀၅)နှင့် ဂရန်လျှောက်ထား ရယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ယခုကြေညာစာပါသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ဒေါ်ထန်ကွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ထန်ကွေ** | **ဦးအောင်မြင့်** |
| **၁၃/သနန(နိုင်)၀၁၃၉၆၇၂** | **(စဥ်-၇၃၀၇/၂၀၀၅)** |
| | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(၁၆၉)၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ ပါရမီလမ်းသွယ်(၅)လမ်း၊**
**လားရှိုးမြို့၊ ဖုန်း-၀၉-၅၂၆၂၁၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၃၀)၊ ၂ခန်းတွဲ ၆ထပ်၏ ၄လွှာဟုခေါ်သော(တတိယထပ်)ခေါင်းရင်းဘက်အခြမ်း ၁၂ပေx၅၀ပေအကျယ်ရှိတိုက်ခန်းအား လက်ဝယ်ထားရှိပိုင်ဆိုင်သူ မြေအမည်ပေါက် ဦးတင်ထူး ၁၂/မရက(နိုင်)၀၂၆၇၀၆၊ ဒေါ်ခင်သီတာ ၁၂/မရက(နိုင်)၀၂၄၄၇၀တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသော အကျိုးသက်ဆိုင်သူရှိပါက စာရွက်စာတမ်း အထောက်အထားအပြည့်အစုံနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ဤကြော်ငြာပါ သည့်ရက်မှ ၇ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချယ်ရီသင်း**
**၁၂/၁၂၅၁(ခ)၊ ကံ့ကော်လမ်း၊ ရွှေပြည်သာမြို့နယ်၊**
**ဖုန်း-၀၉-၉၆၈၁၄၃၉၈၂**

## အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မုပွန်ရပ်ကွက်၊ တောင်ဗိုလ်ချုပ်လမ်း၊ အမှတ်(၈၃၉)နေ ဦးချစ်ဝေစိုး ၁၀/မလမ(နိုင်)၁၂၂၈၃၆နှင့် ဒေါ်ခိုင်ခိုင်ချို ၁၀/မလမ(နိုင်)၁၆၄၂၇၀တို့၏ သားဖြစ်သူ မောင်ဖြိုးဝေလင်း(ခ)ကိုဂျက် ၁၀/မလမ(နိုင်)၂၂၀၆၅၀ သည် မိဘများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သား အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးမြင့်(စဥ်-၁၁၉၆၁)**
**LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃)၊ သမာဓိလမ်း၊ ဆ/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၁၀၃၉၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် 5M/7337၏ ဖောင်းကြွနံပတ်ပြား ပျောက်ဆုံး၍ ထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက် ပြယ်ပါကြောင်း သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် 49W/81868, Coxy Star Click-125, M/C ယာဥ်လက်ဝယ်ရှိသူ ဦးတင်ဇော်ဝင်း ၉/စကန(နိုင်) ၀၀၆၉၃၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် ၃၉ယ/၇၅၆၈၄, Honda Dream 125, M/C ယာဥ်လက်ဝယ်ရှိသူ ဦးစောလင်းကိုကိုထက် ၃/ဘအန(နိုင်)၃၈၂၄၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ ဘားအံမြို့**

## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် 9M/2375, Toyota Succeed NCP 55, S/W(4x4)R ယာဥ်လက်ဝယ်ရှိသူ ဦးမင်းမင်းအောင် ၁၃/တကန(နိုင်)၁၈၂၇၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဥ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဥ်အမှတ် 5P/7577, Ford F150, P/U ယာဥ်လက်ဝယ်ရှိသူ ဦးမင်းဇော် ၃/ဘအန(နိုင်)၃၁၈၄၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ ဘားအံမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မချစ်စုထွေး ၁၀/မဒန(နိုင်) ၁၄၅၉၇၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၂၆၆၁၅၉**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဥ်အမှတ် 4J/2919 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၁-၂၀၂၂ခုနှစ်(အောက်တိုဘာလမှ မတ်လအထိ) ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ဗန်းမော်မြို့တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးဝင်ပေါက်တံခါးမကြီးအပါအဝင် အုတ်သရိုးအောက်ခံ ကွန်ကရစ်တိုင်ချိန်းလင့် သံဆန်ခါဖြင့် ရုံးခြံစည်းရိုးပတ်လည်ပေ(၁၃၂၂'x၅')ကာရံခြင်းလုပ်ငန်း

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၄-၁၀-၂၀၂၁ရက်(ကြာသပတေးနေ့)မှ ၂၇-၁၀-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)ထိ

၃။ **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၈-၁၀-၂၀၂၁ရက်(ကြာသပတေးနေ့) (၁၆:၀၀)နာရီ

၄။ **တင်ဒါရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့

၅။ တင်ဒါပုံစံနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားဖြင့် ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လာရောက်လျှောက်ထားရမည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များကို အီးမေး www.dmhmkn@gmail.com သို့လည်းကောင်း၊ ပြည်နယ်ဦးစီးမှူးရုံး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၃၄၆၊ ၂၅၂၂၃၃၄သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

---

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၂၁- ၂၀၂၂ ဘဏ္ဍာရေးနှစ်(မီနီဘတ်ဂျက်)အတွင်း၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ချောက်မြို့ ပတ္တမြားချောင်း ကျောက်ကြီးစီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း အမှတ်(၉) ရပ်ကွက်၊ တပင်ရွှေထီးလမ်းအရှေ့ဘက်မှ ကားကြီးကွင်းလမ်းတံတားအထိ (၉၀၇'x ၁၇'x ၁၀') ကို ဆောင်ရွက်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက်** - ၁၂-၁၀-၂၀၂၁ရက်မှ ၁၁-၁၁-၂၀၂၁ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ** - ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ချောက်မြို့

(ဂ) **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၁-၁၁-၂၀၂၁ရက်(ကြာသပတေးနေ့)(ရုံးချိန်အတွင်း)

(ဃ) **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်နေရာ** - ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ချောက်မြို့

(င) **တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်** - ၁၂-၁၁-၂၀၂၁ရက်(သောကြာနေ့) နံနက် ၁၀နာရီ(နေ့ရက်၊ အချိန် ပြောင်းလဲမှုရှိပါက အကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဖုန်း-၀၆၁-၂၀၀၈၀၂၊ ၀၉-၆၆၀၆၇၁၄၉၃၊ ၀၉-၂၃၀၅၂၆၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ မဏ္ဍိုင်လမ်း၊ အမှတ်(၃၆)၊ (၆)ထပ်တိုက်၊ (၂)ခန်းတွဲ အဆောက်အအုံရှိ တတိယထပ်(၄-လွှာ)၊ အခန်းအမှတ်(A-4)၊ (လမ်းမဘက်မှ မျက်နှာမူလျှင်-ယာဘက်ခြမ်းတိုက်ခန်း) အလျား ၁၂ ပေx အနံပေ ၅၀ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းမိုင် ၁၃/တကန(နိုင်)၁၉၅၅၀၀ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများယူဆောင်၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်သူရ(မြောင်းမြ)** **LL.B,A.G.T.I(EP),D.B.L,D.M.L** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၁၀၈)**

**ဦးဇေယျာထွန်း(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၂)**

**ဦးစိုးလွင်ဦး(LL.B)** **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**

**ဒေါ်ချယ်ရီလှိုင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၁)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၀၊ ဗိုလ်ဥက္ကာလမ်း၊ မြေကွက်အမှတ်-၇၄၄၊ မြေအမျိုးအစား နှစ်(၆၀) ဂရန်မြေ၊ အကျယ်အဝန်း ပေ(၄၀x၆၀)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော တောင်ဘက်ခြမ်း (မြေကွက်အမှတ်-၇၄၃နှင့် ကပ်လျက်အခြမ်း)ပေ(၂၀x၆၀)ရှိ ဒေါ်ဂွက်(ISN-၄၅၄၂၉၀) အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်၅-၃-၂၀၂၀ရက်စွဲပါမှတ်ပုံတင်စာချုပ်-၁၅၀၈/၂၀၂၀ ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးသင်ဇာလွင် ၁၂/ဥကမ(နိုင်) ၁၇၂၈၃၀ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခိုင်ဆုဝေ(LL.B)** **(စဉ်-၅၃၃၆၉/၂၀၂၀)** **အထက်တန်းရှေ့နေ**

**ဒေါ်မိုးမီမီခိုင်(LL.B)** **(စဉ်-၅၃၄၉၁/၂၀၂၀)** **အထက်တန်းရှေ့နေ**

**အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၂၈၁၀၄**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံးတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ နေအိမ်အဆောက်အအုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တိုင်းဒေသကြီးဦးစီးမှူးနေအိမ်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (အလျား ၄၅ ပေ x အနံ ၄၈ ပေ x အမြင့် ၁၇ ပေ) RC (၁)ထပ်

၂။ တင်ဒါများကို အောက်ပါအတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၂၁ ရက် (ရုံးချိန်အတွင်း)

(ခ) **တင်ဒါပုံစံ အရောင်း ပိတ်သိမ်းမည့်ရက်** - ၂၇-၁၁-၂၀၂၁ ရက်(ရုံးချိန်အတွင်း)

(ဂ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - ၂၉-၁၁-၂၀၂၁ ရက်(၁၆:၃၀)နာရီ

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ထပ်မံကြေညာပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံများ ဝယ်ယူရန်နှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်-

(က) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ရန်ကုန်-မန္တလေး လမ်းဟောင်း၊ တပ်မ(၇၇)ဘေး၊ ဟံသာဝတီရပ်ကွက်၊ ပဲခူးမြို့

ဖုန်း-၀၅၂-၂၂၂၁၂၂၄၊ ၀၉-၂၅၀၉၁၈၆၇၈

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၁-၂၀၂၂ဘဏ္ဍာရေးနှစ်(အောက်တိုဘာလမှ မတ်လအထိ)(၆လ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား၊ Box Culvert လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်** - ၁၁-၁၀-၂၀၂၁ရက်(တနင်္လာနေ့)

(ခ) **တင်ဒါနောက်ဆုံးတင်သွင်း ရမည့်ရက်** - ၁၀-၁၁-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့) ၁၆:၃၀နာရီအထိ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ အမှတ်(၁၁+၁၂)၊ (၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း ရုံးဖုန်း ၀၁-၃၅၉၂၄၁၂နှင့် ၀၁-၃၅၉၂၄၁၃သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ပင်လုံလမ်း၊ မြေကွက်အမှတ်(၁၂၀၁)၊ နှစ် ၆၀ ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၈)ထပ်ခွဲတိုက် အဆောက်အဦ၏ ပထမထပ်၊ ခေါင်းရင်းခန်း အကျယ်အဝန်း (၁၉ x ၅၄)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းညွှန့် ၁၂/လမန(နိုင်) ၀၃၂၆၀၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ (၁) ဦးဇော်မင်းဦး ၈/ရနခ (နိုင်) ၀၁၆၀၀၃၊ (၂) ဒေါ်ဇင်မျိုးမျိုးသောင်းတင် ၁၂/ရကတ(နိုင်)၀၅၅၉၄၄ တို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင် ကုမ္ပဏီလီမိတက်**
**ပင်လုံလမ်းမကြီး (ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အိမ်အမှတ်(၁၃/က)နေ ဦးကျော်မြင့်၏သားဖြစ်သူ ဦးရန်နိုင်ကျော် ၁၂/ ဒပန(နိုင်) ၀၅၄၃၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၄၀/ခဟုခေါ်တွင်သော (၁၀ပေxပေ၆၀)မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အုတ်ညှပ်တိုက်ခံအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်မှာ ဦးရန်နိုင်ကျော်၏ အဘွားဖြစ်သူ ဒေါ်ရင်လှ ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ဒေါ်ရင်လှမှာ ၄-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဒေါ်ရင်လှနှင့် ခင်ပွန်းဦးထွန်းတင်တို့ နှစ်ဦးစလုံး ကွယ်လွန်ပြီးဖြစ်၍ သားသမီးများဖြစ်သော (ဒေါ်သန်းမြင့်)၊ ဦးဝင်းတင်၊ ဒေါ်ယုယုဝင်းတို့ (၃)ဦးပိုင်ဆိုင်သည့် အမွေဆိုင်အိမ်နှင့် မြေဖြစ်ပါသည်။ ဒေါ်သန်းမြင့်မှာ ၂၅-၅-၂၀၂၁ရက်တွင် ကွယ်လွန်သွားသဖြင့် ဒေါ်သန်းမြင့်၏ သားသမီး (၅)ဦးနှင့် ဦးဝင်းတင်၊ ဒေါ်ယုယုဝင်းတို့ အမွေခွဲဝေရယူရမည့် အမွေပုံပစ္စည်းဖြစ်သော အထက်ဖော်ပြပါ အိမ်နှင့် မြေကို အမွေဆိုင်များသိရှိခြင်း၊ သဘောတူညီခြင်းမရှိဘဲ အထက်ပါနေအိမ်တွင် နေထိုင်သူ ဒေါ်ယုယုဝင်းမှ အမွေဆိုင်များ၏ ခွင့်ပြုချက်မရှိဘဲ အခြားသူတစ်ဦးသို့ ရောင်းချခြင်း၊ စရန်ငွေရယူခြင်း၊ ပေါင်နှံ၊ ငှားရမ်း၊ စွန့်လွှတ်၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် အသိပေးတားမြစ်အပ်ပါသည်။ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းတို့ ပြုလုပ်ပါက တရားမဝင်ကြောင်းနှင့် ဝယ်ယူသူ၏ ဆုံးရှုံးနစ်နာမှုမှာ ဝယ်ယူသူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်သိန်းဝေ(LL.B)** **အထက်တန်းရှေ့နေ(စဉ်-၄၀၉၆၃)** **တိုက် ၅၊ အခန်း ၁၀၁၊ မြိတ်လမ်း၊** **အင်းဝအိမ်ရာ၊ (၆၂)ရပ်ကွက်၊** **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** **ရန်ကုန်တိုင်းဒေသကြီး၊** **ဖုန်း-၀၉-၄၄၈၀၃၉၀၅၈**

**ဒေါ်မြမြဝင်း(LL.B)** **အထက်တန်းရှေ့နေ(စဉ်-၂၀၃၂၃)** **အမှတ်(၁၀၈၀/က)၊ ဇေယျာမြိုင်လမ်း၊** **(၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊** **ရန်ကုန်တိုင်းဒေသကြီး၊** **ဖုန်း-၀၉-၄၂၀၃၇၈၂၆**

---

## Can Object

Mr.Rohit Kumar Tiwari, holder of Indian Passport No.L 8151143 issued at Bhopal on 26–03–2014 valid up to 25–03–2024 and Ms.Thu Zar Tun (a)Pooja, holder of Myanmar Passport No.MC497644 issued at Myanmar on 27–8–2018 valid up to 26–8–2023, intend to marry each other. In case of any objections, please contact Marriage Officer, Indian Embassy Doha(Qatar)within 30 days of publishing.

[cons.doha@mea.gov.in, Fax:00974–4467284, Tel:00974–44255777]

**Under the instruction**
**U Hla Shwe**
**Advocate (Sr.8912)**

**Daw Mya Thet Win** **Higher Grade Pleader** **(Sr.51268)**

**Daw Seinn Lei Soe** **Higher Grade Pleader** **(Sr.51949)**

**36 Thirty Six Law Group**
**No.111/113,2nd Floor, 36th Street, Kyauktada Township, Yangon, Myanmar.**

---

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ခ)၊ မြေကွက်အမှတ် (၂/က^၁/၁)၊ သုမင်္ဂလာလမ်း၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧက အကျယ်အဝန်းရှိ မြေပိုင်မြေ ၃-ခ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေပိုင်မြေ(၃-ခ)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်သူ ဒေါ်နန်းမြ ၁၃/မကန(နိုင်) ၀၀၀၂၂၈ ထံမှ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၃-၁၁-၂၀၁၈ ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၁၄၁/၂၀၁၈)ရရှိထားသူ ဦးစန်းလွင် ၁၂/တမန (နိုင်) ၁၀၅၀၅၅ က အဆိုပါမြေကွက်အား မည်သူ့ကိုမဆို လွှတ်လပ်စွာလွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိပါကြောင်း၊ အခြားသူများကို ရောင်းချထားခြင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းနှင့် အမှုအခင်းဖြစ်ပွားနေခြင်းတို့မှ လုံးဝကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲ ပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းပြောဆိုခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လီထဲအမ်း(ခ)ဦးနေအောင်ကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းထွန်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၀၃)**
**ရုံးခန်း(၅)၊ ပထမထပ် Strand Condominium ၊ အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလ ပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၅၀၀၃၉၂၁၀**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၅၁၄/က)၊ ဧရိယာပေ (၂၃x၆၀)ရှိ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်မိုး ၁၂/ဗဟန(နိုင်)၀၄၈၂၇ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူမည်သူ မဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)**
**တက်နေဝန်း အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီလီမိတက်၊**
**ပင်လုံလမ်းမကြီး(ကျောင်းလမ်းမှတ်တိုင်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၈၉၂၀၉၀၁၇၂**

---

## နှစ်ဦးသဘောတူလင်မယားကွာရှင်းပြတ်စဲခြင်း ဦးဇော်ထူး ၁၂/တတန(နိုင်)၁၂၇၂၉၇နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဖြိုးမင်းဝေ ၉/လဝန(နိုင်)၀၃၆၀၄၉နှင့် လူကြီးမင်းတို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်သောကြောင့် (စာချုပ်အမှတ် ၃၄/၁၅-၉-၂၀၂၁)ရက်တွင် ပျဉ်းမနားမြို့နယ် တရားရုံးတော်၌ နှစ်ဖက်သောအသိသက်သေများရှေ့တွင် ကွာရှင်းကြောင်းစာချုပ်ကို ရေးထိုးခဲ့ကြပြီး ဖြစ်ပါသည်။

သို့ပါ၍ ဦးဇော်ထူးနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်ုပ်၏မိတ်ဆွေနှင့် ပတ်သက်မှုမရှိတော့ပါ။ စိတ်အနှောင့်အယှက်ဖြစ်စေခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော မည်သည့်အပြုအမူများကိုမဆို မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**လွှဲအပ်ချက်အရ-**
**ဒေါ်သရဖီမြင့်ဆွေ(စဉ်-၁၁၈၇၆)**
**တရားလွှတ်တော်ရှေ့နေ**
**မိုးဝေ(၄၂)လမ်း၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA–VI)၊ ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ်(၈ဃ/၇၆)၊ မြေကွက်အမှတ်(76/362)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကသည် ဂရန်အမှုတွဲအမှတ် ၁၁၉၇/၂၀၁၅-၂၀၁၆အရ ဒေါ်သင်းယုလွင်အမည်ဖြင့် ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဒေါ်မေဟာန်စိုးဝင်း**
**LL.B,DPS,D.I.R,D.I.L,D.B.L,PGDE(MUFL)(စဉ်-၁၃၄၃၂)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၂၄၉၊ သိင်္ဂါလမ်းသွယ်၊ ဘိုကုန်း၊**
**ရ.က.က(၆)၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၃၇၀၅၈၈၆**

---

## ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၈-၂၀၂၁ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၉) ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် အမှတ် (၂၆)နေ ဦးစည်သူမျိုး၏ **ဦးပိုင်အမှတ် (၁၈၇-စျ) အစား(၁၈၇-ဌ)**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 50W/42006 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ဃ/၆၄၆၁၄, Suzuki Smash 112 ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းထက်ဇော် ၇/ပမန(နိုင်)၁၈၃၀၇၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/8227, Toyota Harrier, S/W ယာဉ်လက်ဝယ်ရှိသူ ဦးဆွတ်နွယ် ၁၂/စခန(နိုင်)၀၇၁၅၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/3192 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သကြင်္န် ၇/တငန(နိုင်) ၀၀၉၂၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/1733, Honda Acty HA7, Pick Up(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလှကြိုင် ၁၂/အစန(နိုင်)၀၀၄၆၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီဖြန့်ဖြူးရောင်းချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် စားသုံးသူပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ဗဟိုဘဏ်မှရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေဖြင့်မှာယူတင်သွင်းခဲ့သည့် စားအုန်းဆီများကို တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ိ/- နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ စတင်ရောင်းချလျက်ရှိရာ ယနေ့အထိ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွက် စားအုန်းဆီပိဿာ ၅၉၇၄၄၃၀၊ တန်ချိန် ၉၇၆၂ တန် ရောင်းချခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများအတွက် အသင်း၏အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိပြီး ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကားဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် ၂ ရာခိုင်နှုန်းထက်မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူပြည်သူများသို့ ပြန်လည်ဖြန့်ဖြူးရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် စားသုံးသူပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ အမှတ် (၁၀၄/၁၀၈) ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် (ဆင်မင်းအိမ်ရာ ဓမ္မာရုံရှေ့) အလုံမြို့နယ် ဖုန်းအမှတ် ၀၉-၄၄၄၃၇၂၉၅၊ ၀၉-၄၀၁၅၂၇၀၄၉ နှင့် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ၀၁-၂၅၀၂၇၀၊ ၀၉-၄၃၆၆၆၆၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ယနေ့ သ တင်း အ ညွှန်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် ငွေကျပ် ၁၄ ဘီလီယံကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉၅ သိန်း ဖမ်းဆီးရမိ

စာမျက်နှာ - ၂၀

သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းအတိုင်း ဝယ်ယူရရှိခြင်းမရှိပါက တိုင်ကြားနိုင်

စာမျက်နှာ - ၂၁

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၆၆ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၃၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၀၆၈ ဦးရှိ

**(၈-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၇-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၈-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၇၆၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၄၆၆)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၇.၈) ရာခိုင်နှုန်း ရှိပါသည်။**

*စာမျက်နှာ ၇ ကော်လံ ၁* ❖



ဆလုံတိုင်းရင်းသားများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးစဉ်။

## ပင်လယ်ပျော်ဆလုံတိုင်းရင်းသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ကော့သောင်း အောက်တိုဘာ ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာအုပ်စု ဇာဒက်ကြီးကျွန်း တလွန်းဆလုံတိုင်းရင်းသားကျေးရွာမှ ဆလုံတိုင်းရင်းသားများအား ကော့သောင်းခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သွားရောက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ဘက်စွန်း ပင်လယ်ကျွန်းတချို့သည် ပင်လယ်ပျော်လူသားမျိုးနွယ်စုတစ်စုဖြစ်သည့် မော်ကင်း(ခေါ်)ဆလုံလူမျိုးများ နေထိုင်ကျက်စားရာဒေသများဖြစ်ပြီး ရှားပါးလူသားမျိုးနွယ်စုလည်းဖြစ်ရာ ယနေ့ကမ္ဘာနှင့် အဝန်းကူးစက်ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ဆလုံလူမျိုးများ အများစုနေထိုင်ရာ ကျေးရွာများသို့ ကူးစက်ပြန့်ပွားမှု မရှိစေရန် ကော့သောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏

*စာမျက်နှာ ၇ ကော်လံ ၁* ❂